# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၄၅)ရက်မြောက်နေ့ အစီအစဉ်

# [ ၅-၁၀-၂၀၁၆ ] ( ဗုဒ္ဓဟူးနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **မြန်မာ့ရုပ်ရှင်လုပ်ငန်း ပြည်တွင်း၌ ဦးမော့လာရုံသာမက ပြည်ပဈေးကွက်သို့ပါ ထိုးဖောက်ဝင်ရောက်နိုင်ရေး အတွက် နိုင်ငံတော်အစိုးရက မြန်မာ့ရုပ်ရှင်လောကသားများအား ထိထိ ရောက်ရောက် ကူညီပံ့ပိုးပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

( ခ ) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်၊ ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန်ကျေးရွာအုပ်စုသို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်မည့် (အောင်သုခ- ပုန်းအောင်-ထီပျဉ်) လမ်းပိုင်းအား ကျောက်ချောလမ်းပိုင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **ကမ်းရိုးတန်းဒေသကြီးများတွင် ဝါးလတ်၊ ဝါးတန်းနှင့် ငါးဖမ်းရေယာဉ်များကို ခေတ်မီ သံခွံ ကိုယ်ထည်ဖြင့် ပြည်တွင်း၌ စတင်တည်ဆောက်ခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ထီးချိုင့်မြို့နယ်နှင့် ကောလင်း မြို့နယ် ဆက်သွယ်ထားသော (ထီးချိုင့်–မရသိမ်–တောမ–မော်ကွန်းတိုင်– ကျောက်တန်း) လမ်းပိုင်းပေါ်ရှိ ပျက်စီးနေသော တံတားဟောင်း (၄)စင်းအား ကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန်နှင့် မိုင်တိုင် (၀/၀ မှ ၁/၂ ကြား၊ မြို့တွင်း လမ်းအား) ကွန်ကရစ်လမ်း အဖြစ် ခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးရန်လင်း၊ ကျိုက်လတ် မဲဆန္ဒနယ်၏ **ငါးမွေးမြူရေးလုပ်ငန်း အပါအဝင် မွေးမြူရေး သုတေသနဦးစီးဌာနတစ်ခု ဖွင့်လှစ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်စိုး၊ ယင်းမာပင် မဲဆန္ဒနယ်၏ **ယင်းမာပင်မြို့နယ်ရှိ(၉၉)ကန် စီမံကိန်းလုပ်ငန်းများအနက် စီမံကိန်းထက်ဝက်ခန့်မှာ တောင်သူ လယ်သမားများအတွက် အကျိုးမပြုတော့ပါသောကြောင့် စီမံကိန်း ဖျက်သိမ်းပေးပါရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးကျော်မြင့်၊ တိုက်ကြီး မဲဆန္ဒနယ်၏ **ဧရာဝတီမြစ်ရေကြီးမြင့် မှုကြောင့် ရေကြီးနစ်မြုပ်သော ဒေသများရှိ ပြည်သူများ၏ လူနေမှုဘဝ ပြန်လည်ထူထောင်ရေးအတွက် ကျန်းမာရေး၊ လူမှုရေး ကဏ္ဍများအပြင် ပြန်လည်စိုက်ပျိုးရန် သက်တမ်းတိုမျိုးစပါးများ အမြန်ဆုံးဖြန့်ဝေပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ်၏ **T & C ကုမ္ပဏီမှ သိမ်းယူထားသော နားဆိုင်းကျေးရွာအုပ်စုရှိ လယ်ယာမြေများကို ဒေသခံများထံ အမြန်ဆုံးပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက **"ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက တင်သွင်းသည့် **"ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကိုဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
## (၄၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်**

**(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၆၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးခင်မောင်သီ၊ လှိုင်လင်မဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၃ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၁ ရက်၊

(၂) ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် ခွင့် ၁ ရက်၊

(၃) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် ခွင့် ၁ ရက်၊

**မူကြမ်း**

(၄) ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ ခွင့် ၁ ရက်၊

(၅) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၆) ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန် ခွင့် ၁ ရက်၊

(၇) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၈) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်၊

(၉) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၁ ရက်၊

(၁၀) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊

(၁၁) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်နှင့်

(၁၂) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၃ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၁ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါ့မယ်။

**မြန်မာ့ရုပ်ရှင်လုပ်ငန်း ပြည်တွင်း၌ ဦးမော့လာရုံသာမက ပြည်ပဈေးကွက်သို့ပါ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက မြန်မာ့ရုပ်ရှင်လောကသားများအား ထိထိရောက်ရောက် ကူညီပံ့ပိုးပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စာလှယ် ဦးမြင့်လွင်ဖြစ်ပါတယ်။ ကျွန်တော်က မြန်မာရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်တဲ့ မေးခွန်းမေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဖေပုရှိန်မှာ သုံးယောက်တစ်ယောက်အပါအဝင်ဖြစ်တဲ့ ဦးထွန်းရှိန်ဟာ ၁၉၁၉ ခုနှစ်မှာ ကွယ်လွန်သွားခဲ့ရပါတယ်။ သူ့ရဲ့ဈာပနကိုကျွန်တော်တို့ မှတ်တမ်းတင်ရုပ်ရှင်ကားရိုက်ခဲ့ပါတယ်။ အဲဒါ ကျွန်တော်တို့နိုင်ငံရဲ့ ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ နောက်သုံးနှစ်ဆိုရင် နှစ်တစ်ရာပြည့်ပါပြီ။ ဒါကျွန်တော်တို့ အရှေ့တောင်အာရှမှာ သက်တမ်းအရင့်ဆုံးလို့ပြောနိုင်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ရုပ်ရှင်သက်တမ်းဟာ ဒေသတွင်းမှာ သက်တမ်းအရင့်ဆုံးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံရဲ့ ရုပ်ရှင်လုပ်ငန်းရဲ့ ရုပ်ရှင်လောကရဲ့ အဆင့်အတန်းဟာလည်း မြင့်မားခဲ့ပါတယ်။ ဟောလိဝုဒ်ကမင်းသားတွေ ကျွန်တော်တို့ဆီက မင်းသမီးတွေနဲ့တွဲပြီးတော့ ရုပ်ရှင်လာရိုက်တာ၊ ဟောလိဝုဒ်ကမင်းသားတွေ ကျွန်တော်တို့ဒါရိုက်တာတွေနဲ့ ရုပ်ရှင်လာရိုက်တာတွေအထိ ရုပ်ရှင်လုပ်ငန်းဟာ ဖွံ့ဖြိုးတိုတက်ခဲ့ပါတယ်။ တစ်ချိန်တုန်းက ဆိုရင် ကျွန်တော်တို့ရဲ့ ရုပ်ရှင်ဇာတ်ကားတွေဆိုရင်လည်းပဲ တကယ်ကိုအဆင့်အတန်းမြင့်ခဲ့ပါတယ်။ ရတနာပုံတို့၊ မြဂနိုင်တို့၊ ပြည်လျော့ခွေတို့၊ လူထုအောင်သံတို့ နောက်ဒီဘက်မှာရောက်လို့ရှိရင် ချွေးနဲ့သွေးနဲ့ရင်းသည့်မြေတို့၊ ရေဗွက်ပမာတို့ တစ်ဦးကစေတနာ တစ်ဦးကမေတ္တာ၊ ချစ်သူကလကိုယ်ကည အဲဒီလိုရုပ်ရှင်ဇာတ်ကားကြီးတွေ တကယ်ကိုဂုဏ်သိက္ခာရှိတဲ့ ကမ္ဘာ့အဆင့်အတန်းမီတဲ့ ရုပ်ရှင်ဇာတ်ကားကြီးတွေ ကျွန်တော်တို့ ရိုက်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ တစ်ချိန် ကျတော့ ကျွန်တော်တို့

ဒီစာပေလောကမှာလည်း စာပေကင်ပေတိုင်ပေါ်လာတယ်။ ရုပ်ရှင်လောကမှာလည်း ရုပ်ရှင်ကင်ပေတိုင်ပေါ်လာတဲ့အတွက် စာပေဟာလည်း ကျွန်တော်တို့ စာသေလုပ်ငန်းဖြစ်သွား တယ်။ ရုပ်ရှင်လုပ်ငန်းဟာလည်း ကျွန်တော်တို့ ရုပ်သေလုပ်ငန်းဖြစ်သွားတယ်။ ကျွန်တော်တို့ ရုပ်ရှင်လောကကြီးတစ်ခုလုံးဟာလည်း ကျဆင်းသွားခဲ့ပါတယ်။ ကျဆင်းသွားခဲ့တဲ့အခါကျတော့ ကျွန်တော်တို့ရဲ့ရုပ်ရှင်ဇာတ်ကားဟာ နိုင်ငံတကာကိုလည်း မထိုးဖောက်နိုင်ခဲ့တော့ပါဘူး။ အဲဒီတော့ အခုအချိန်မှာတော့ ပြန်ပြီးတော့ ဒီမိုကရေစီအစိုးရသစ်လည်း ပြန်ရောက်နေတဲ့အခါကျတော့ ကျွန်တော်တို့ ရုပ်ရှင်လုပ်ငန်း ပြန်ပြီးတော့ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရုပ်ရှင်လောကသားတွေဟာလည်း ကြိုးစား နေကြပါတယ်။ ဒါကို ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့ကလည်း ပံ့ပိုးကူညီပေးသင့်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ဘာလို့လဲဆိုရင် အခုအချိန်မှာ ရုပ်ရှင်လုပ်ငန်းဟာ ကမ္ဘာပေါ်မှာ Export လုပ်ငန်းဖြစ်နေပါတယ်။ ဝင်ငွေရတဲ့လုပ်ငန်းတစ်ခုဖြစ်နေပါတယ်။ တချို့ ကျွန်တော်တို့ ဒေသတွင်းနိုင်ငံတွေဆိုရင် ရုပ်ရှင်လုပ်ငန်းကနေ ငွေတွေအများကြီးရနေပါတယ်။ ကျွန်တော်တို့နိုင်ငံလုပ်ငန်းကတော့ ကျွန်တော်တို့နိုင်ငံရုပ်ရှင်လုပ်ငန်းကတော့ Export လုပ်ဖို့မပြောနဲ့ ပြည်တွင်းမှာပါ ရှင်သန်အောင်ရပ်တည်ဖို့ တော်တော်ခက်နေပါတယ်။ အထူးသဖြင့် ရုပ်ရှင်ရုံတွေဆိုရင်လည်း တော်တော်ကိုနည်းသွားပါတယ်။ တစ်ချိန်တုန်းကဆိုရင် ကျွန်တော်တို့မြို့မှာဆိုရင် ရုပ်ရှင်ရုံသုံးရုံရှိတယ်။ အခုဆိုရင် တစ်ရုံမှမရှိတော့ပါဘူး။ ၁၉၅၀ ခုနှစ်လောက်တုန်းကဆိုရင် ရုပ်ရှင်ရုံ ၂၅၀ လောက်ရှိပါတယ်။ ၁၉၈၀ ခုနှစ်ဝန်းကျင်လောက်ကဆိုရင် ရုပ်ရှင်ရုံ ၄၀၀ လောက်ရှိပါတယ်။ အခုဆိုရင် ကျွန်တော်တို့ရုပ်ရှင်ရုံတစ်ပြည်လုံးမှာရှင်သန်နေတာဆိုလို့ ၄၀ ကျော်ပဲရှိနေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဆီက ရုပ်ရှင်လောကသားတွေက တခြားသောရုပ်ရှင်လောကသားတွေနဲ့ယှဉ်ရင် မညံ့ပါဘူး။ ကျွန်တော်တို့ ဒါရိုက်တာပိုင်း၊ ဇာတ်ညွှန်းပိုင်း၊ သရုပ်ဆောင်ပိုင်း အကုန်လုံးမညံ့ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ရုပ်ရှင်လုပ်ငန်းဟာ ထိုးစိုက်ကျဆင်းနေပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအနေနဲ့ ရုပ်ရှင်လောကသားတွေ ကျွန်တော်တို့ ပြန်လည်ဖွံ့ဖြိုးတိုးတက်ဖို့ ရုပ်ရှင်လုပ်ငန်းကို Export ဖြစ်အောင်လုပ်လာဖို့ ရုပ်ရှင်လောကသားတွေရဲ့ ဘဝတွေပါ ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်လာဖို့အတွက် ရေရှည်၊ ရေတိုအစီအစဉ်တွေ ရှိ/မရှိဆိုတာကို ကျွန်တော် ပြည်သူများရဲ့ကိုယ်စား လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေမြင့်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ရဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာ့ရုပ်ရှင်လုပ်ငန်း ပြည်တွင်းမှာ ဦးမော့လာရုံမက ပြည်ပဈေးကွက်ကိုပါ ထိုးဖောက်ဝင်ရောက်လာရေးအတွက် နိုင်ငံတော်အစိုးရက မြန်မာ့ရုပ်ရှင်လောကသားများကို ထိထိရောက်ရောက် ကူညီပံ့ပိုးပေးရေးနှင့်စပ်လျဉ်းပြီး မေးမြန်းခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ကို အထူးပဲကျေးဇူးတင်ပါတယ်။ ဦးမြင့်လွင်ရဲ့မေးခွန်းကို ပြည့်ပြည့်စုံစုံ မဖြေကြားမီ ပထမဆုံး စကားဦးထားချင်တာကတော့ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးမြင့်လွင်တင်ပြခဲ့သလို ပြည်တွင်းမှာဦးမော့လာရုံမက ပြည်ပဈေးကွက်ကိုပါ ထိုးဖောက်ဝင်ရောက်နိုင်ဖို့ဆိုတာသည် ကြီးမားတဲ့မျှော်မှန်းချက်တစ်ရပ် ဖြစ်ပါတယ်။ ဒီမျှော်မှန်းချက်ဖြစ်မြောက်အောင်မြင်ဖို့အတွက် ကဏ္ဍအသီးသီးက ရုပ်ရှင်၊ အနုပညာရှင်များ၊ ရုပ်ရှင်လုပ်ငန်းလုပ်ကိုင်သူများနဲ့ ပြန်ကြားရေးဝန်ကြီးဌာနအပါအဝင် အစိုးရပိုင်းကပါ ညီညွတ်မျှတစွာ ပူးပေါင်းပါဝင်လုပ်ဆောင်ကြဖို့ လိုပါတယ်ဆိုတဲ့အချက်ပါ။ ဆက်လက်ပြီး မြန်မာ့ရုပ်ရှင်လောကနဲ့ ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ပါဝင်ဆောင်ရွက်မှုကဏ္ဍကို ဦးစွာအကျဉ်းချုံး တင်ပြလိုပါတယ်။ ယခင်တုန်းက ဦးဆောင်ညွှန်ကြားရေးမှူးဦးစီးတဲ့ မြန်မာ့ရုပ်ရှင်လုပ်ငန်းဆိုပြီး ရှိခဲ့ပါတယ်။ အဲဒီကနေ ၂၀၁၄ ခုနှစ်မှာ ညွှန်ကြားရေးမှူးချုပ်ဦးစီးတဲ့ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနအဖြစ်နဲ့ တည်ရှိလာပါတယ်။ ၂၀၁၅ ခုနှစ်မှာကျတော့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်မှာ ညွှန်ကြားရေးမှူးဦးစီးတဲ့ ရုပ်ရှင်မြှင့်တင်ရေး ဌာနခွဲအဖြစ်ဖွဲ့စည်းပုံကို လျှော့ချပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီလို ဖွဲ့စည်းခဲ့တဲ့ရည်ရွယ်ချက်ကတော့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုတဲ့အနေနဲ့ အစိုးရပါဝင်မှုကို လျှော့ချပေးခြင်းပဲဖြစ်ပါတယ်။ တစ်ဖက်မှာ ရုပ်ရှင်ဇာတ်ကား အဆင့်အတန်း သတ်မှတ်စိစစ်ရေး အကဲဖြတ်အဖွဲ့ဖွဲ့စည်းရာမှာလည်းပဲ ဌာနဆိုင်ရာပါဝင်မှုလျှော့ချပြီး ရုပ်ရှင်ပညာရှင်အများစု ပါဝင်နိုင်အောင် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါတယ်။ မြန်မာ့

ရုပ်ရှင်ထူးချွန်ဆုများကိုလည်းပဲ ယခင်က ပြန်ကြားရေးဝန်ကြီးဌာနက ချီးမြှင့်ပေးလျက်ရှိရာကနေ ၂၀၁၂ ခုနှစ်ကစတင်ပြီး ရုပ်ရှင်လောကသားများပါဝင်တဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက တာဝန်ယူပြီး လွတ်လပ်စွာရွေးချယ်ချီးမြှင့်စေခဲ့ပါတယ်။

ဆက်လက်ပြီး ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေရှိဖို့လိုအပ်တဲ့ ရုပ်ရှင်ဥပဒေရေးဆွဲမှုအခြေအနေကို အကျဉ်းချုပ်တင်ပြလိုပါတယ်။ မြန်မာ့ရုပ်ရှင်လောကမှာ ရှိပြီးဖြစ်တဲ့ တည်ဆဲရုပ်ရှင်ဥပဒေ ၉/၁၉၉၆ နှင့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ၈/၁၉၉၆ တို့ဟာ ယခုအခြေအနေနဲ့ လိုက်လျောညီထွေမှုမရှိတော့တဲ့အတွက် ရုပ်ရှင်ဥပဒေအသစ်ပြဋ္ဌာန်းနိုင်ရေးကို ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၂ ခုနှစ်ကစတင်ပြီး နိုင်ငံတကာဥပဒေများကိုလေ့လာပြီး မြန်မာ့ရုပ်ရှင်ဥပဒေ (မူကြမ်း)ကို ရေးဆွဲခဲ့ပါတယ်။ ဒီဥပဒေမူကြမ်းကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီကို ရှင်းလင်းတင်ပြခဲ့ရာမှာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ပြန်လည်တင်ပြရန်ဆိုတဲ့ ဆုံးဖြတ်ခဲ့မှုအရ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကို ပေးပို့စေခဲ့ပါတယ်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကရေးဆွဲတဲ့ ရုပ်ရှင်ဥပဒေ(မူကြမ်း)ကို ပြန်ကြားရေးဝန်ကြီးဌာနကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှာ ပြန်လည်ပေးပို့လာပါတယ်။ ရုပ်ရှင်အစည်းအရုံးကပေးပို့လာတဲ့ ရုပ်ရှင်ဥပဒေ(မူကြမ်း)ကို အခြေခံပြီး နိုင်ငံတကာရုပ်ရှင်ဥပဒေများနဲ့ အံဝင်နိုင်မယ့်ဥပဒေတစ်ရပ် ရေးဆွဲပြီး ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှာ ပြန်ကြားရေးဝန်ကြီးဌာနမှာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များနှင့် အခြားသက်ဆိုင်တဲ့သူများကို ဖိတ်ကြားပြီး ဒီဥပဒေကို ရှင်းလင်းတင်ပြဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ အဆိုပါဥပဒေကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြန်လည်သုံးသပ်စိစစ်ပြီး ဆက်လက်ဆောင်ရွက်နေတာကို သိရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရုပ်ရှင်လုပ်ငန်းဦးမော့ဖို့ အရေးကြီးတဲ့ကဏ္ဍတစ်ခုက ရုပ်ရှင်ရုံများတည်ရှိရေးဖြစ်ပါတယ်။ နိုင်ငံပိုင်ရုပ်ရှင်ရုံ ၂၇ ရုံကို နိုင်ငံတကာအဆင့်အတန်းမီရုပ်ရှင်များအဖြစ် အဆင့်မြှင့်တင်ခြင်းဆောင်ရွက်လျက်ရှိရာမှာ ၁၉ ရုံကို Digital စနစ်နဲ့ပြသနိုင်တဲ့ ရုပ်ရှင်ရုံများအဖြစ် အဆင့်မြှင့်တင်ပြီးဖြစ်ပါတယ်။ ရန်ကုန်မြို့၊ ဗိုလ်ချုပ်လမ်းမှာရှိတဲ့ ဝဇီရာရုပ်ရှင်ရုံကို အမေရိကန်သံရုံးရဲ့အကူအညီနဲ့ Red Carpet Theatre အဖြစ် ပြင်ဆင်ရေးဆောင်ရွက်လျက်ရှိပါတယ်။ ကျန်ရုပ်ရှင်ရုံ ခုနစ်ရုံအနက် ရုပ်ရှင်ရုံလေးရုံမှာ မကြာမီကာလအတွင်း Digital စနစ်သို့ အဆင့်မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ ပုဂ္ဂလိကပိုင်ရုပ်ရှင်ရုံ

များကိုလည်း Digital စနစ်ဖြင့် ရုပ်ရှင်ပြသရေးလုပ်ငန်းကိုဆောင်ရွက်ဖို့ တွန်းအားပေးဆောင်ရွက် လျက်ရှိရာမှာ ယခုအခါမှာ ပုဂ္ဂလိကက ကိုယ်ပိုင်တည်ဆောက်ပြုပြင်ထားတဲ့ Digital ရုပ်ရှင်ရုံ ၂၄ ရုံနှင့် ပုဂ္ဂလိကကို အပြီးရောင်းချထားတဲ့ ရုပ်ရှင်ရုံခြောက်ရုံ ပေါ်ပေါက်နေပြီး ဖြစ်ပါတယ်။ ဆက်လက် ပြီး နိုင်ငံတစ်ဝှမ်းမှာ Digital စနစ်နဲ့ ပြသတဲ့ ရုပ်ရှင်ရုံတွေထပ်မံပေါ်ထွန်းစေရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာ့ရုပ်ရှင်ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်ရေးအတွက်လည်းပဲ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုရရှိစေဖို့ စည်းမျဉ်းစည်းကမ်းနဲ့ မူဝါဒများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်မြှင့်တင်ပေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတကာရုပ်ရှင်ကဏ္ဍဆက်ဆံရေးမြှင့်တင်ရန်အတွက် နိုင်ငံတကာရုပ်ရှင်ပွဲတော်များကျင်းပခြင်း၊ နိုင်ငံတကာနှင့် ရုပ်ရှင်ပူးပေါင်းထုတ်လုပ်နိုင်ရေးအတွက် လိုအပ်တဲ့ ပေါင်းစပ်ညှိနှိုင်းမှုတွေကို ဆောင်ရွက်ပေးတာတွေ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံတကာရုပ်ရှင်ပွဲတော်များကိုလည်းပဲ ပြည်တွင်းမှာ လက်ခံကျင်းပပေးလျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ်မှာ နိုင်ငံတကာရုပ်ရှင်ပွဲတော်ခြောက်ကြိမ်၊ ၂၀၁၃ ခုနှစ်မှာ နိုင်ငံတကာရုပ်ရှင်ပွဲတော်လေး ကြိမ်၊ ၂၀၁၄ ခုနှစ်မှာ နိုင်ငံတကာရုပ်ရှင်ပွဲတော်ခုနှစ်ကြိမ်နှင့် ၂၀၁၅ ခုနှစ်မှာ နိုင်ငံတကာရုပ်ရှင်ပွဲ တော်လေးကြိမ် ကျင်းပပြုလုပ်ပြသနိုင်ခဲ့ပါတယ်။ အခု ၂၀၁၆ ခုနှစ် ဇွန်လအထိ နိုင်ငံတကာရုပ်ရှင်ပွဲ တော်သုံးကြိမ်ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။ ဒီနှစ် နိုင်ဝင်ဘာလမှာလည်းပဲ ပြင်သစ်သံရုံးနဲ့ ပူးပေါင်းကျင်းပ မယ့် International Memory Film Festival မှာ ရုပ်ရှင်ကားပေါင်း ၈၀ ခန့် ပြသသွားမှာဖြစ်ပါတယ်။ အကျိုးဆက်အနေနဲ့ကတော့ ခေတ်ဟောင်းမြန်မာရုပ်ရှင်ဇာတ်ကားများကို ပြုပြင်ထိန်းသိမ်းရေး ပြုလုပ်ပြီး နိုင်ငံတကာကို ပြသနိုင်တာရှိပါတယ်။ ပြီးတဲ့နောက် ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းရေး အစီအစဉ်မှာ မြဂနိုင် ရုပ်ရှင်ဇာတ်ကားကို ကမ္ဘာ့အမွေအနှစ်အဖြစ် ထိန်းသိမ်းနိုင်ရေး ဆောင်ရွက် နေတာလည်းပဲရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိမိအနေနဲ့ ၃-၅-၂၀၁၆ ရက်နေ့မှာ မြန်မာ့ရုပ်ရှင်အစည်းအရုံးကို သွားရောက်ပြီး မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးအဖွဲ့ဝင်များနဲ့ တွေ့ဆုံစဉ်မှာ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆွေးနွေးခဲ့ ပါတယ်။ အဲဒီလို တွေ့ဆုံစဉ်ကတင်ပြချက်တစ်ခုဖြစ်တဲ့ ခိုးကူးခွေများ ပပျောက်ရေးနဲ့ပတ်သက်လို့ ဆောင်ရွက်ရန်နည်းလမ်းရှာဖွေပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက တင်ပြပေးဖို့၊ ဖြစ်နိုင်ချေရှိတဲ့ အခြားသောနည်းလမ်းများနဲ့လည်း ဆောင်ရွက်ဖို့ အဲဒီကိစ္စတွေမှာ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးဖို့ ပြောကြားခဲ့ပါတယ်။ ဂီတအစည်းအရုံးကလည်း ခိုးကူးခွေပပျောက်

ရေးကိစ္စနှင့်ပတ်သက်လို့ အကြံပြုခဲ့တာရှိပါတယ်။ ဒါကြောင့်မို့လို့ ယခုအခါမှာဆိုရင် ခိုးကူးခွေဆိုတဲ့ TV Sport အစီအစဉ်လေးကို တစ်နေ့လျှင်သုံးကြိမ်မှ လေးကြိမ်အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ကထုတ်လွှင့်ပြသပေးလျက်ရှိပါတယ်။ နိဂုံးချုပ်အနေနဲ့ ခြုံငုံတင်ပြရမယ်ဆိုရင် မြန်မာရုပ်ရှင်လုပ်ငန်း ပြည်တွင်းမှာ ဦးမော့လာရုံသာမက ပြည်ပစျေးကွက်ကိုပါ ထိုးဖောက်နိုင်ရေးအတွက် ရုပ်ရှင်ဥပဒေ တစ်ရပ်ပေါ်ထွန်းရေးသည် မဖြစ်မနေလိုအပ်ပါတယ်။ ဒါ့အပြင် ရုပ်ရှင်ထုတ်လုပ်သူ၊ အနုပညာ ဖန်တီးသူ ဒါရိုက်တာစတဲ့ပုဂ္ဂိုလ်များအပါအဝင် ရုပ်ရှင်လောကသားများအားလုံးရော၊ မြန်မာ့ရုပ်ရှင်ကို ချစ်မြတ်နိုးကြတဲ့ပရိသတ်ကြီးကပါ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးကို အနာဂတ်ရည်မှန်းချက် အဖြစ်ထားရှိပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ လိုအပ်မှာဖြစ်ပါ တယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့လည်း ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေရေးဆွဲ ရေးအပါအဝင် လိုအပ်တဲ့အကူအညီများနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ သက်ဆိုင်ရာ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ ဆက်စပ်ဝန်ကြီးဌာနများနဲ့ ပူးပေါင်းပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပေးတဲ့ ပြန်ကြားရေးဝန်ကြီးဌာန ပြန်လည်ထွက်ခွာ နိုင်ပါတယ်။

**မောက်မယ်မြို့နယ်၊ ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန်ကျေးရွာအုပ်စုသို့ ရာသီမရွေးဆက်သွယ်သွားလာ နိုင်မည့် (အောင်သုခ-ပုန်းအောင်-ထီပျဉ်) လမ်းပိုင်းအား ကျောက်ချောလမ်းပိုင်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကျန်းမာ ရွှင်လန်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်။ ဆက်သွယ်သွားလာရေးခက်ခဲသဖြင့် ကျေးလက် ကျောက်ချော လမ်းပိုင်းတစ်ခုဆောင်ရွက်ပေးပါရန် ဤမေးခွန်းကို တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မောက်မယ်မြို့နယ်ရှိ ဟိုနမ့် ကျေးရွာ

အုပ်စုနှင့် ပန်းတိုင်ကျေးရွာအုပ်စုတို့တွင် ပအိုဝ်းတိုင်းရင်းသားများနေထိုင်ကြပြီး ယခင်က ဆက်သွယ်သွားလာရေးခက်ခဲသောဒေသတစ်ခုဖြစ်ပါတယ်။ ယခုလက်ရှိအခြေအနေတွင် မောက်မယ်-ဟိုနမ့်ကတ္တရာလမ်းပိုင်း ဆောင်ရွက်ပြီးစီးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာချင်းဆက်လမ်းများကို ရာသီအလိုက်ဆောင်ရွက်နိုင်ခဲ့သဖြင့် တောင်ပိုင်းဒေသတွင် ဆက်သွယ်သွားလာရေးလွယ်ကူ သွားပြီဖြစ်ပါတယ်။ ယခု တင်ပြတဲ့ မြောက်ပိုင်းဒေသ မြေသားလမ်းများကို ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ခဲ့သော်လည်း ယနေ့တိုင် မပြီးစီးနိုင် ခဲ့ပါ။ ယခင်က အောင်သုခ-ပုန်းအောင်-ထီပျဉ်မြေသားလမ်းနှင့် ဟိုနမ့်-ထီပျဉ်မြေသားလမ်းတို့ကို လည်းကျောက်ချောလမ်းဆောင်ရွက်ပေးပါရန် တင်ပြခဲ့ဖူးပါတယ်။ အောင်မြင်မှုမရရှိခဲ့ပါ။ ယခု တင်ပြသည့်ဟိုနမ့်မှ အောင်သုခ-ပုန်းအောင်-ထီပျဉ်မြေသားလမ်းမှာ ကျေးရွာလူထုမှ အများဆုံး အသုံးပြုသောလမ်းပိုင်းဖြစ်ပြီး မိုးရာသီတွင် ဆက်သွယ်သွားလာရေး လွန်စွာခက်ခဲပါသဖြင့် ကျောက်ချောလမ်းပိုင်းအဖြစ် အဆင့်မြှင့်တင်ပေးပါရန် တင်ပြတောင်းဆိုရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါ တယ်။ မောက်မယ်မြို့နယ်ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန်ကျေးရွာအုပ်စုတို့တွင် အချိန်ရာသီမရွေး ဆက်သွယ်သွားလာနိုင်မည့်အောင်သုခ-ပုန်းအောင်-ထီပျဉ်လမ်းပိုင်းအား ကျောက်ချောလမ်းပိုင်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်မည့် အစီအစဉ်များကို သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ယနေ့ ပြည်သူ့လွှတ်တော်ကို မေးမြန်းလာတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ မေးခွန်းများနဲ့ပတ်သက်ပြီးတော့ ဖြေကြားဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးဆုံးမေးမြန်းတဲ့ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင်

ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်းရှိ ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန်ကျေးရွာအုပ်စုသို့ဆက်သွယ်သည့် အရှည် ၁၀ မိုင် ၃ ဖာလုံရှိ အောင်သုခ-ပုန်းအောင်-ထီပျဉ်ကျေးရွာချင်းဆက်လမ်း၏လက်ရှိအခြေအနေမှာ မြေသားလမ်းဖြစ်၍ အဆိုပါလမ်းအား ရာသီမရွေးသွားလာနိုင်သည့် ကျောက်ချောလမ်းအဖြစ်ဆောင်ရွက်ပါက စုစုပေါင်း ငွေကျပ် ၈၀၈.၂၁၂ သန်းခန့် ကုန်ကျမည်ဖြစ်ပြီးတော့ ကျေးရွာလေးရွာ၊ အိမ်ခြေ ၅၂၄ ရှိ လူဦးရေ ၂၉၄၂ ဦးတို့အား အကျိုးပြုမည်ဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘတ်ဂျက်လျာထားဆောင်ရွက်ရာတွင် ပြည်နယ်/တိုင်းဒေသကြီးများအတွင်းမှာရှိတဲ့ လူဦးရေအချိုးအစားအရ လျာထားတဲ့အပြင် ပြည်နယ်/တိုင်းဒေသကြီးများအတွင်းမှာရှိတဲ့ မြို့နယ်များအားလုံးကိုပါ ပါဝင်လျာထားပါတယ်။ ထို့အပြင် ကျေးရွာများရဲ့ လိုအပ်ချက်များကို မြို့နယ်/ခရိုင်နှင့် ပြည်နယ်/တိုင်းဒေသကြီးများမှတစ်ဆင့် ထောက်ခံတင်ပြလာမှုများအပေါ်မှာလည်း ဦးစားပေးအစီအစဉ်အတိုင်း ရွေးချယ်လျာထားပြီးတော့ ဆောင်ရွက်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ရှမ်းပြည်နယ်တစ်ခုလုံးအတွင်းမှာရှိတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်တစ်ခုလုံးအတွက်ကို ခွင့်ပြုရန်ပုံငွေကျပ် ၇၈၂၀.၂၈၁ သန်းဖြင့် လျာထားဆောင်ရွက်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ မောက်မယ်မြို့နယ်တစ်ခုလုံးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်အဖြစ် ၂၁၁.၂၇၅ သန်းဖြင့် လျာထားပါတယ်။ အဲဒီမှာ ကျောက်ချောလမ်း ၂ မိုင် ၂ ဖာလုံနဲ့ ကွန်ကရစ်တံတားနှစ်စင်းတို့အား လျာထားဆောင်ရွက်လျက်ရှိရာမှာ လျာထားလမ်းနှစ်လမ်းအနက်မှာ ဈေးကုန်း-ပြင်သာယာ-ထီတခေါ့ ကျောက်ချောလမ်း ၁ မိုင် ၂ ဖာလုံမှာ ကိုယ်စားလှယ်ကြီးတင်ပြတဲ့ အောင်သုခ-ပုန်းအောင်-ထီပျဉ်ကျေးရွာချင်းဆက်လမ်းအရှည် ၁၀ မိုင် ၃ ဖာလုံအပိုင်းမှာ ပါဝင်ပါတယ်။ သို့ဖြစ်ပါ၍ အောင်သုခ-ပုန်းအောင်း-ထီပျဉ်လမ်းရဲ့ ကျန်ရှိတဲ့ ၉ မိုင် ၁ ဖာလုံအပိုင်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိခဲ့ပါ၍ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် နှစ်အလိုက် ဦးစားပေးအတိုင်း တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ကမ်းရိုးတန်းဒေသကြီးများတွင် ဝါးလတ်၊ ဝါးတန်းနှင့် ငါးဖမ်းရေယာဉ်များကို ခေတ်မီသံခွံကိုယ်ထည်ဖြင့် ပြည်တွင်း၌ စတင်တည်ဆောက်ခွင့်ပြုနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူများအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ ဖြစ်ပါတယ်ရှင်။ ကျွန်မမေးမြန်းလိုတဲ့ မေးခွန်းမှာ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ကျွန်းစု မြို့နယ်များတွင် ငါးဖမ်းစက်လှေများ ဝါးလတ်၊ ဝါးတန်းများမှာ စာရင်းအရ တရွတ်ဆွဲစက်လှေ ၆၂၈ စီး၊ ဝိုင်းချုပ် ၂၄၁ စီး စုစုပေါင်း ၈၉၆ စီး တရားဝင်မှတ်ပုံတင်ထားသော်လည်း အမှန်တကယ်ဖမ်းဆီးနေကြသည်မှာ ၂၀၀၀ ခန့်ရှိကြောင်းကို သိရှိရပါသည်။ လေလံအောင်ပြီးသည့် ငါးဖမ်းစက်လှေများမှာလည်း ဂရန်ကိုသာရယူ၍ စက်လှေအသုံးမပြုကြဘဲ သစ်မာ၊ ဝါးများဖြင့် အသစ်တည်ဆောက်၍ လေလံအောင်လှေဟောင်းများကို အခွံကိုယ်ထည်များအတိုင်း စွန့်ပစ်ထားခြင်းကြောင့် သံခွံလှေများဖြင့် အစားထိုးပြောင်းလဲအသုံးပြုခွင့်ရမည်ဆိုပါက ယခုကဲ့သို့ပုံမှားရိုက်၍ စက်လှေပွားများခြင်းမှလည်းကာကွယ်နိုင်ကာ ငါးဖမ်းစက်လှေဦးရေများကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ကမ်းရိုးတန်းဒေသကြီးများတွင် ငါးဖမ်းစက်လှေများဆောင်ရွက်နေသည့် ဝါးလတ်၊ ဝါးတန်းငါးဖမ်းယာဉ်များသည် အသုံးပြုသည့် သစ်မာကိုယ်ထည်မှာကြံ့ခိုင်မှုအားနည်းခြင်း၊ သစ်မာများဖြင့် တည်ဆောက်ရန်မှာ သစ်အဆမတန်ခုတ်ယူမှုကြောင့် ယခုအချိန်တွင် သစ်များရှားပါးလာနေပြီဖြစ်၍ နောင်ကာလများတွင် အလားတူ ငါးဖမ်းယာဉ်တည်ဆောက်ရာမှာ သစ်မာများလည်း လိုအပ်မြဲလိုအပ်နေမည်ဖြစ်ပါသည်။ သစ်တောပြုန်းတီးမှုကိုလျှော့ချရာတွင် ကိုယ်ထည်ကြံ့ခိုင်သော ခေတ်မီသံခွံထည်များဖြင့် အလျား ၈၅ ပေမှ ၁၀၀ ပေအတွင်း၊ အနံ ၁၀ မှ ၂၅ ပေ၊ အမြင့်ရည်စူး ၉ ပေမှ ၁၂ ပေအတွင်း ငါးဖမ်းယာဉ်များကို ပြည်တွင်း၌ တည်ဆောက်ခွင့်ရရှိမည်ဆိုပါက သံကိုယ်ထည်ငါးဖမ်းရေယာဉ်များသည် GRT ၁၀၀ ထက်ရှိသော ရေယာဉ်ကြီးများဖြစ်ခြင်းကြောင့် ကမ်းနီးဝင်ရောက်၍ ငါးဖမ်းခြင်းလုပ်ငန်းကို နည်းပါးလာမည်ဖြစ်ပါသည်။ တနင်္သာရီတိုင်းဒေသကြီးအပါအဝင် ငါးဖမ်းလုပ်ငန်းဆောင်ရွက်နေကြသည့် ဒေသကြီးများတွင် ကမ်းနီးတွင်းဝါးလတ်၊ ဝါးတန်းငါးဖမ်းယာဉ်များ ဝင်ရောက်ဖမ်းဆီးနေခြင်းကြောင့် ဒေသခံတို့၏ တစ်နိုင်တစ်ပိုင်မိရိုးဖလာလုပ်ငန်းများသည် စားကျက်ပျောက်ကွယ်လုနီးပါး အခြေအနေသို့ရောက်ရှိနေပြီးဖြစ်သည်ကို ဒေသခံအသီးသီးတို့၏တင်ပြချက်များကို အမြဲတစေကြားသိနေရပြီး ဖြစ်ပါသည်။

**မူကြမ်း**

မြန်မာနိုင်ငံအတွင်းရေလုပ်ငန်းမှာ နိုင်ငံခြားသို့တင်ပို့ရောင်းချခြင်းအားဖြင့် နိုင်ငံခြားဝင်ငွေရှာဖွေပေးခြင်းသည်လည်း အဓိကကျသည့်လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်းကို အလေးအနက်စဉ်းစားသင့်သည့် အချက်တစ်ချက် ဖြစ်ပါသည်။၎င်းအပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ် ပြည်ထောင်စုအခွန်ရငွေစာရင်းတွင် အခွန်ကောက်ခံရရှိငွေ သန်းပေါင်း ၁၂၄၄.၉၁၅ ရရှိပြီး ရာခိုင်နှုန်းအားဖြင့် ၁၁၅၇၂ ရာခိုင်နှုန်းရရှိကြောင်း သိရှိရပါသည်။ သို့ပါ၍ ရေရှည်လုပ်ငန်း ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးလုပ်ငန်းဆောင်ရွက်ရာတွင် ရေယာဉ်ကြံ့ခိုင်မှုရရှိရေး၊ လုံခြုံမှုရရှိရေး၊ သစ်တောပြုန်းတီးမှု လျှော့ချနိုင်ရေးနဲ့ ကမ်းနီးဝင်ရောက်စွဲခြင်းမှ ကင်းလွတ်ရန်နှင့် ရေသယံဇာတများ ငါးမျိုးပြုန်းတီးမှုများကို ကာကွယ်ပြီးသားဖြစ်ခြင်းတို့ကြောင့် တနင်္သာရီတိုင်းဒေသကြီးအပါအဝင် ကမ်းရိုးတန်းဒေသကြီးများတွင် ငါးဖမ်းရေယာဉ်များကို ခေတ်မီသံခွံထည်ဖြင့် လဲလှယ်အစားထိုး၍ ပြည်တွင်း၌စတင်တည်ဆောက်ခွင့်ရှိ/မရှိကိုလည်းကောင်း၊ တည်ဆောက်ခွင့်ပြုမည်ဆိုပါက မည်သည့်အချိန်တွင် တည်ဆောက်ခွင့်ပြုမည်ကိုလည်းကောင်း၊ တည်ဆောက်ခွင့် မပြုနိုင်ဟုဆိုပါက အဘယ်ကြောင့်နည်း၊ ဒေသခံငါးလုပ်ငန်းအဖွဲ့ချုပ်ကိုယ်စား မေးမြန်းပေးရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဒုတိယမေးခွန်းဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီရဲ့ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ ငါးလုပ်ငန်းကဏ္ဍနှင့် ပတ်သက်ပြီးတော့ စိတ်ပါဝင်စားစွာ မေးမြန်းတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပထမတင်ပြလိုပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်မှာ ငါးဖမ်းလုပ်ငန်းဆောင်ရွက်သည့် ငါးဖမ်းရေယာဉ်များကို တိုင်းတာ

စစ်ဆေးမှတ်ပုံတင်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပြီးတော့ ငါးဖမ်းရေယာဉ်စုစုပေါင်း စီးရေ ၂၅၆၂ စီး ဌာနတွင် မှတ်ပုံတင်ထားရှိပါတယ်။ အဆိုပါမှတ်ပုံတင်ရေယာဉ်စာရင်းမှာ သစ်သားကိုယ်ထည်ငါးဖမ်းရေယာဉ် ၂၃၂၅ စီးနဲ့ သံကိုယ်ထည်ငါးဖမ်းရေယာဉ် ၂၃၇ စီးတို့ ပါဝင်ကြပါတယ်။ ယခုအခါသစ်သားကိုယ်ထည်ငါးဖမ်းရေယာဉ်များသည် သက်တမ်းကြာမြင့်လာပြီဖြစ်သောကြောင့် ရေယာဉ်အား လွှန်းတင်ပြင်ဆင်ရာမှာ သစ်သား(အထူးသဖြင့် သစ်မာသားဖြစ်သည့် ပျဉ်းကတိုး)ရရှိရန် ခက်ခဲလာသဖြင့် ဈေးကွက်တွင်လိုအပ်သလောက် ပေါပေါများများရရှိနိုင်တဲ့ သံပြား(Mild Steel Plate)များဖြင့် အစားထိုးတည်ဆောက်ခြင်းကို ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သံကိုယ်ထည်ငါးဖမ်းရေယာဉ်ပုံစံများကို စစ်ဆေးအတည်ပြုပြီး ရေယာဉ်တည်ဆောက်ခွင့်ပြုပေးလျက်ရှိပါတယ်။ သံခွံကိုယ်ထည်ဖြင့် အစားထိုးခြင်းဆောင်ရွက်ရာမှာ စုစုပေါင်းငါးဖမ်းရေယာဉ် ၂၇ စီးဆောင်ရွက်ပြီးဖြစ်ပါတယ်။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တိုင်းတာစစ်ဆေးခြင်းနှင့် မှတ်ပုံတင်ဆောင်ရွက်ပြီးစီးသော ငါးဖမ်းရေယာဉ်များအား ငါးဖမ်းလုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ ဟောင်းနွမ်းသစ်သားကိုယ်ထည် ငါးဖမ်းရေယာဉ်အစား သံခွံကိုယ်ထည်ဖြင့်အစားထိုးတည်ဆောက်ခွင့်ပြုခြင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။ ဒီလိုဟောင်းနွမ်းရေယာဉ်သံခွံ၊ သစ်သားခွံ များကို ခေတ်မီသံကိုယ်ထည်အဖြစ် တည်ဆောက်ခွင့်ပြုတာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်သူရဲ့ မူဝါဒ လေး၊ ငါးချက်ကို Power Point ဖြင့် ကျွန်တော်တင်ပြပါ့မယ်။ ဆက်လက်ပြီး ဒီ Power Point ကို ဖတ်ရှုပြီးတဲ့နောက်မှာ ကျွန်တော်အချက်အလက်တင်ပြချက်ကတော့။ ထို့အတူ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် သင်္ဘောကျင်းများမှာလည်း ငါးဖမ်းသင်္ဘောအရွယ်အစား ၁၀၀ ပေ x ၂၃ ပေx ၁၀ ပေ ကမ်းရိုးတန်းငါးဖမ်းရေယာဉ်များကို ခေတ်မီသံခွံကိုယ်ထည်ဖြင့် တည်ဆောက်ပေးခဲ့ရာမှာ အလုံသင်္ဘောကျင်းမှာ ၁-၉-၂၀၀၉ မှ ၁၄-၅-၂၀၁၀ အထိ တစ်စီး၊ ဒဂုံဆိပ်ကမ်းသင်္ဘောကျင်းမှာ ၁၀-၇-၂၀၁၄ မှ ၁၅-၂-၂၀၁၆ အထိ နှစ်စီး တည်ဆောက်ခဲ့ပြီးတော့ တည်ဆောက်ဆဲ ၁၂ စီးရှိပါကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဖြေကြားလာပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် ရေလုပ်ငန်းကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာ့ပင်လယ်ငါးဖမ်းလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းတွင် ဆောင်ရွက်လျက်ရှိတဲ့ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များအား စနစ်တကျစီမံခန့်ခွဲနိုင်ရန်အတွက် မြန်မာ့ပင်လယ်ငါးဖမ်းလုပ်ငန်းဥပဒေကို ၂၅-၄-၁၉၉၀ ရက်နေ့တွင် ဥပဒေအမှတ် ၉/၉၀ ဖြင့်

လည်းကောင်း၊ မြန်မာ့ပင်လယ်ငါးဖမ်းလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၂၈-၁၀-၁၉၉၃ ရက်စွဲပါ ဥပဒေအမှတ်(၁၆/၉၃)ဖြင့်လည်းကောင်း ထုတ်ပြန်ထားရှိခဲ့ပါတယ်။ ငါးများဖမ်းဆီးထုတ်လုပ်ပြီးတော့ ပြည်ပသို့တင်ပို့ရောင်းချနိုင်ရန်အတွက် မြန်မာ့ပင်လယ်ငါးဖမ်းလုပ်ငန်းဥပဒေပုဒ်မ ၅၇ နှင့်အညီ ခေတ်စနစ်နှင့်လိုက်လျောညီထွေဖြစ်မည့် သစ်သားခွံ/သံခွံ ငါးဖမ်း၊ ငါးသယ်ရေယာဉ်အသစ်များတည်ဆောက်ခွင့်ပြုပေးခြင်းကို ၁၉၉၇ ခုနှစ်မှစတင်ခွင့်ပြုပေးခဲ့ရာ၂၀၁၅ ခုနှစ်အထိ ငါးဖမ်း/ငါးသယ်ရေယာဉ် ၁၀၄၅ စီးကို တည်ဆောက်ခွင့်ပြုပေးပြီး ဖြစ်ပါတယ်။ ထို့အပြင် တိုင်းရင်းသားရေလုပ်ငန်းရှင်များ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေလျက်ရှိတဲ့ သစ်သားကိုယ်ထည် ငါးဖမ်းရေယာဉ်များသည် သက်တမ်းကြာမြင့်နေပြီဖြစ်ခြင်း၊ ခေတ်မမီတော့ခြင်း၊ အချို့ငါးဖမ်းရေယာဉ်များမှာ နှစ် ၃၀ ကျော်ကြာမြင့်ပြီဖြစ်ခြင်း၊ ငါးဖမ်းရေယာဉ်များကို အကြီးစားပြင်ဆင်ပါကလည်း ကုန်ကျစရိတ်များပြားခြင်း၊ ရေရှည်ကြံ့ခိုင်မှုမရှိနိုင်ခြင်း၊ ပင်လယ်ပြင်အန္တရာယ်လုံခြုံမှုမရှိနိုင်ခြင်းတို့ကြောင့် သစ်သားကိုယ်ထည်ငါးဖမ်းရေယာဉ်များအစား နိုင်ငံတကာအဆင့်မီသံခွံကိုယ်ထည်ငါးဖမ်းလုပ်ငန်းများအဖြစ်အစားထိုးတည်ဆောက်လိုပါက မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ တိုင်းဒေသကြီး/ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ထောက်ခံချက်များနှင့်အတူ ခွင့်ပြုခဲ့ရာ ၂၀၁၅ ခုနှစ်မှာ တနင်္သာရီတိုင်းဒေသကြီးမှ ရေလုပ်ငန်းရှင် ၄ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ လုပ်ငန်းရှင်များ ၁၃ ဦးတို့အား ငါးဖမ်းရေယာဉ် ၃၃ စီး၊ ၂၀၁၆ ခုနှစ်မှာ တနင်္သာရီတိုင်းဒေသကြီးမှ ရေလုပ်ငန်းရှင် ၅ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ရေလုပ်ငန်းရှင် ၁၃ ဦးတို့အား ငါးဖမ်းရေယာဉ် ၂၆ စီး၊ စုစုပေါင်း ၅၉ စီးကို သံခွံငါးဖမ်းရေယာဉ်များအဖြစ် အစားထိုးတည်ဆောက်ခွင့်များ ခွင့်ပြုပေးထားပြီးဖြစ်ပါတယ်။

ငါးဖမ်းရာသီမှာ ငါး၊ ပုစွန်သားပေါက်ပွားရာသီချိန်ဖြစ်တဲ့ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့ထိ ၃ လကို ငါးမဖမ်းဆီးရ ရာသီအဖြစ်လည်းကောင်း၊ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်မှာရှိတဲ့ ငါးဖမ်းကွက်အားလုံးကို ငါးမဖမ်းဆီးရဇရိယာအဖြစ်လည်းကောင်း ၁၉-၅-၂၀၁၆ ရက်စွဲပါ ညွှန်ကြားချက်အမှတ်(၂/၂၀၁၆)ဖြင့် ပိတ်ပင်ခဲ့ပြီး ငါးဖမ်းရေယာဉ်များရပ်နားထားရန်နေရာအခက်အခဲ၊ ရေလုပ်ငန်းနှင့်ဆက်နွယ်နေသော အလုပ်သမားများအလုပ်လက်မဲ့ မဖြစ်ပေါ်စေရေး၊ စက်ရုံ/အလုပ်ရုံများရပ်ဆိုင်းမသွားစေရေး၊ ငါးစားသုံးမှုမပြတ်လပ်စေရေး၊ နိုင်ငံခြားငါးခိုးဖမ်းရေယာဉ်များဝင်ရောက်ခိုးဖမ်းမှုကို ကာကွယ်နိုင်ရေးအတွက် စုစုပေါင်းကမ်းဝေးငါးဖမ်းရေယာဉ် ၃၀၃၀ အနက်မှ မိုးရာသီမှာ လုပ်ငန်းလုပ်ကိုင်ခြင်းမရှိတဲ့ ရပ်နားထားတဲ့ ဝိုင်းချုပ်ပိုက်၊ အင်္ဂလန်ကျားပိုက်၊ ကင်းမွန်းနှင့် မြှုံး(ကဏန်း) ငါးဖမ်းရေယာဉ် ၉၄၃ စီးအား ချန်လှပ်ပြီးတော့ ကျန်တရွတ်ဆွဲ၊

ကျားပိုက်၊ မျှောပိုက်၊ ငါးမျှားတန်းနှင့် မြှုံး(ငါး) ငါးဖမ်းရေယာဉ် ၂၀၈၇ စီးအပေါ်မှာ လုပ်ငန်းအမျိုးအစားအလိုက် ရေယာဉ်စီးရေ၏ ၄၀ ရာခိုင်နှုန်းဖြစ်သော ၈၃၅ စီးမှာ ငါးဖမ်းဆီးခွင့်ပြုထားခဲ့ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနရဲ့ ပင်လယ်ပြင်သယံဇာတထိန်းသိမ်းရေးတွင် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲရေး (Sustainability) အတွက် နှစ်စဉ်မျိုးပြန့်ပွားမှုမရှိဘဲ အများဆုံးဖမ်းဆီးနိုင်သည့်ပမာဏ( Maximum Sustainable Yield) ထက်မကျော်လွန်စေရေးကို မူဝါဒအနေဖြင့် အလေးထားထိန်းသိမ်းကြပ်မတ်လျှက်ရှိရာ သုတေသနပြုလေ့လာတွေ့ရှိချက်များအရ စုစုပေါင်းဖမ်းဆီးထုတ်လုပ်ခွင့်ပြုနိုင်မှုပမာဏမှာ များစွာလျော့နည်းကျဆင်းသွားသဖြင့် လက်ရှိခွင့်ပြုထားသော ငါးဖမ်းရေယာဉ်စီးရေထက် မကျော်လွန်စေရေး ခေတ်မီသံခွံငါးဖမ်းရေယာဉ်အသစ် တည်ဆောက်ခွင့်များကို လောလောဆယ်ခွင့်ပြုပေးနိုင်ခြင်းမရှိသေးပါကြောင်း၊ နောက်ပိုင်းတွင် သယံဇာတတိုးတက်မှုအပေါ်မှာ မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်းနှင့် ပင်လယ်ပြင်ကြံ့ခိုင်မှုမရှိတော့သည့် ဟောင်းနွမ်းသစ်သား/သံခွံကိုယ်ထည်ငါးဖမ်း/ငါးသယ်ရေယာဉ်များအား ရေယာဉ်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးတော့ခေတ်မီသံခွံကိုယ်ထည်ငါးဖမ်း/ငါးသယ်ရေယာဉ်များအဖြစ် အစားထိုးတည်ဆောက်လိုပါက စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးသွားနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ထီးချိုင့်မြို့နယ်နှင့် ကောလင်းမြို့နယ်ဆက်သွယ်ထားသော(ထီးချိုင့်-မရသိမ်-တောမ-မော်ကွန်းတိုင်-ကျောက်တန်း)လမ်းပိုင်းပေါ်ရှိ ပျက်စီးနေသော တံတားဟောင်းလေးစင်းအား ကွန်ကရစ်တံတားအဖြစ်ဆောက်လုပ်ပေးရန်နှင့် မြို့တွင်းလမ်း (မိုင်တိုင်၀/၀ မှ ၁/၂ ကြား)အား ကွန်ကရစ်လမ်းအဖြစ်ခင်းပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ကြွရောက်လာသူများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ မြို့နယ်ချင်းဆက်လမ်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်နှင့်ကောလင်းမြို့နယ်ဆက်သွယ်ထားတဲ့ မြို့နယ်

ချင်းဆက်လမ်းပေါ်မှာရှိတဲ့ ထီးချိုင့်-မရသိမ်-တောမ-မော်ကွန်းတိုင်-ကျောက်တန်းလမ်းဟာ ၁၃ မိုင် ၄ ဖာလုံရှည်လျားပြီး လမ်းဦးစီးဌာနက ၂၀၁၆-၂၀၁၇ ခုနှစ်မှာ မြေသားလုပ်ငန်း ၄ မိုင် ၁ ဖာလုံ ဆောင်ရွက်ပြီးစီးပါက ၁၃ မိုင် ၄ ဖာလုံ မြေသားလုပ်ငန်းအားလုံးပြီးစီးမယ်လို့ သိရှိရပါတယ်။ အဲဒီလမ်းပိုင်းဟာ ထီးချိုင့်မြို့နယ်အတွင်းမှာရှိ တဲ့ ကျေးရွာပေါင်း ၂၈ ရွာမှာ လူဦးရေ ၃၀၀၀၀ ခန့်ကို ထီးချိုင့်မြို့ကိုသွားလာရာမှာ အသုံးပြုနေတဲ့ တစ်ခုတည်းသောလမ်းဖြစ်ပါတယ်။

ကျွန်တော်မေးခွန်းတင်ပြီးတဲ့အချိန်မှာ ဒီလမ်းမှာ ဧရာဝတီမြစ်ရေစားလို့ တချို့လမ်းများဟာ ပြန်လည်ပျက်စီးသွားခဲ့တာလည်း တွေ့ရပါတယ်။ အဲဒီအပြင်မှာ အဲဒီလမ်းပေါ်မှာ ပေ ၂၀ ခန့်ရှိတဲ့ ကွန်ကရစ်တံတားများလည်း တည်ဆောက်လျက်ရှိတဲ့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်မှာ ကွန်ကရစ်တံတားကိုးစင်းတည်ဆောက်ပြီးမယ်လို့ ထီးချိုင့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှသိရှိရပါတယ်။ အဲဒီလမ်းပေါ်မှာရှိတဲ့ ကြက်သွန်ခင်းနှင့်ဒိုးပင်ရွာအကြား ရေအေးချောင်းတံတား အကျယ် ၆၅ ပေ၊ နတ်ကြီးအိုက်တံတားအကျယ် ၁၅၄ ပေ၊ ထိန်ချောင်းတံတားအကျယ် ၁၄၅ ပေနှင့် ဒိုးပင်တံတား(မဲဇာ)အကျယ် ၂၆၉ ပေတို့ရှိပါတယ်။ ဒီတံတားတွေနဲ့ဟာကို ကျွန်တော် Power Point ပြင်ဆင်ခဲ့ပေမဲ့ ပြင်ဆင်ပေးသူရဲ့နည်းပညာအားနည်းချက်ကြောင့် တင်မပြနိုင်ခဲ့ပါဘူး။ ဒါပေမဲ့ ဝန်ကြီးဌာနကိုမေးတုန်းက ဓာတ်ပုံနှင့်တကွမေးမြန်းခဲ့တာဖြစ်ပါတယ်။

အဲဒီတံတားများဟာ သစ်သားတံတားများဖြစ်ပြီး သက်တမ်းကြာရှည်တာနှင့်အလျောက် ခိုင်ခံ့မှုအလွန်အားနည်းပါတယ်။ မြေသားလုပ်ငန်းဆောင်ရွက်ပြီးစီးတဲ့အခါမှာ မူလအတိုင်းအနိမ့်ပိုင်းမှာကျန်နေခဲ့မှာပါ။ ဆိုလိုတာက လမ်းကအမြင့်၊ တံတားကအနိမ့်ပိုင်းမှာကျန်နေခဲ့မှာကိုပြောတာပါ။ ဒါကြောင့်မို့ ဒီတံတားလေးစင်းကို သံကူကွန်ကရစ်တံတားအဖြစ်တည်ဆောက်ပေးရန် လိုအပ်ပါတယ်။ နောက် ထီးချိုင့်-ကျောက်တန်းလမ်းပေါ်မှာရှိတဲ့ မြို့တွင်းလမ်းပိုင်း ၀/၀ မိုင်မှ ၁ မိုင် ၂ ဖာလုံဟာ မြို့တွင်းလမ်းဖြစ်ပြီးမှ ယခင်ကတ္တရာလမ်းဟာ မြစ်ရေကြီးချိန်မှာနစ်မြုပ်ခဲ့တဲ့အတွက် ပျက်စီးယိုယွင်းလျက်ရှိပါတယ်။ အဲဒီလမ်းကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က ဇူလိုင်လ ၁၅ ရက်နေ့ လာရောက်တဲ့အခါမှာ လမ်းပိုင်းပေါ်ကိုချင်းကျောက်တွေ ကပျာကယာခင်းလိုက်တဲ့အခါမှာ လမ်းဟာပိုမိုပြီးမှ ဆိုးပြီးမှ ဗွက်တွေပေါက်သွားပါတယ်။ ကျွန်တော် ဓာတ်ပုံနဲ့မတင်ပြနိုင်ခဲ့ပါဘူး။ သို့ပါ၍ ကျေးလက်နေပြည်သူများ၏လူနေမှုဘဝမြင့်မားရေးအတွက် ဆက်သွယ်ရေးကောင်းမွန်စေရန် အထက်ဖော်ပြပါ တံတားနှင့် ကွန်ကရစ်တံတားတည်ဆောက်ခြင်းနှင့် ထီးချိုင့်မြို့တွင်းလမ်းကို ကွန်ကရစ်လမ်းအဖြစ်

ခင်းပေးသင့်ပါကြောင်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ လေးစားပါတယ်။

**ဥက္ကဋ္ဌ။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ တတိယမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ရဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်အတွင်းရှိ ထီးချိုင့်-မရသိမ်-တောမ-မော်ကွန်းတိုင်-ကျောက်တန်းလမ်းသည် ယခင်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင်လမ်းဖြစ်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ၁၀-၈-၂၀၁၆ ရက်နေ့တွင် တင်ပြခဲ့သည့်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်အရ စီးပွားရေးရာကော်မတီသို့တင်ပြရန် ဆောင်ရွက်လျက်ရှိပါကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖြေကြားထားပါသည်။

ထီးချိုင့်-မရသိမ်-တောမ-မော်ကွန်းတိုင်-ကျောက်တန်းလမ်းရှိ လမ်းမိုင်(၀/၀-၁/၂)ကြား ကတ္တရာလမ်းပျက် ၁ မိုင် ၂ ဖာလုံအား ပြုပြင်ထိန်းသိမ်းခြင်းဆောင်ရွက်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးဖြည့်စွက်ရန်ပုံငွေတွင် လျာထားတင်ပြထားရှိပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မှာမူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖြည့်စွက်ရန်ပုံငွေမရရှိပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးမူလရန်ပုံငွေမှာ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ပျက်စီးနေသော တံတားလေးစင်းအနက် ရေအေးချောင်းတံတားအား ကွန်ကရစ်လမ်းတံတားအဖြစ် တည်ဆောက်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးမူလရန်ပုံငွေတွင် တင်ပြတောင်းခံထားပြီး ကျန်တံတားသုံးစင်းဖြစ်သည့် နတ်ကြီးအိုက်တံတား၊ ထိန်ချောင်းတံတား၊ ဒိုးပင်တံတား သို့မဟုတ် မဲဇာတံတားတို့အား ကွန်ကရစ်တံတားအဖြစ်တည်ဆောက်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဖြည့်စွက်ရန်ပုံငွေတွင် ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မှာမူတည်ပြီးတော့ လုပ်ငန်းများဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ဖြေကြားထားပါသည်။

**မူကြမ်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမောင်မောင်၏ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ အဆိုပါလမ်းမကြီးသည် ဆောက်လုပ်ရေး ဝန်ကြီးဌာနပိုင် တိုင်းဒေသကြီးအစိုးရမှ စီမံခန့်ခွဲသောလမ်းအဖြစ် သွတ်သွင်းဆောင်ရွက်လျက် ရှိသဖြင့်လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါသဖြင့်လည်းကောင်း၊ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်/တိုင်းဒေသကြီးများ၏ ဦးစားပေးလျာထားတင်ပြမှုများအပေါ် မှာမူတည်ပြီးတော့ လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ နေ့လယ် ၁၃း၀၀ နာရီအချိန်မှာ အစည်းအဝေးပြန်လည်စတင်မှာဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၀း၄၀ နာရီအချိန်တွင် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ငါးမွေးမြူရေးလုပ်ငန်းအပါအဝင် မွေးမြူရေးသုတေသနဦးစီးဌာနတစ်ခု ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရန်လင်း(ကျိုက်လတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်း က သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေမယ့် သုတေသနလုပ်ငန်းများနှင့် သက်ဆိုင်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ မေးမြန်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ကျွန်တော့်မေးခွန်းရဲ့ စိုက်ပျိုးရေးနှင့် သစ်တောဌာနများကဲ့သို့ ငါးမွေးမြူရေးအပါအဝင် မွေးမြူရေးဆိုင်ရာသုတေသနဦးစီးဌာနတစ်ခု ဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိ ကျွန်တော်ကမေးမြန်းလိုတာ ဖြစ်ပါတယ်။ ဒီအကြောင်းနှင့်ပတ်သက်လို့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးဆိုတဲ့ ကဏ္ဍကြီးသုံးခုဟာ အရေးပါတဲ့ အဓိကကဏ္ဍသုံးခုဖြစ်ပါတယ်။ စိုက်ပျိုးရေးကို ကြည့်မယ်ဆိုရင် စိုက်ပျိုးရေးမှာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနဆိုပြီးတော့မှ ရေဆင်းမှာ ရှိပါတယ်။ ဒီဌာနဟာ ၁၉၅၄ ခုနှစ်က အင်းစိန်၊ ကြို့ကုန်းမှာ တည်ထောင်ဖွင့်လှစ်ခဲ့ပြီးတော့ ၁၉၇၁ ခုနှစ်မှာ စိုက်ပျိုးရေးတက္ကသိုလ်ရှိ ရာ ရေဆင်းကို ပြောင်းရွှေ့လာပါတယ်။ အဲဒီတော့ သူရဲ့လုပ်ငန်းများကို ကြည့်မယ်ဆိုရင် ဆန်စပါးဆိုင်ရာသုတေသနလုပ်ငန်းတွေရှိပါတယ်။ နောက်တစ်ခါ အခြားသီးနှံတွေဖြစ်တဲ့ ကြံသီးနှံတွေ၊ ပြောင်း၊ စပ်မျိုးပြောင်းသီးနှံတွေ၊ နောက်တစ်ခါ စက်မှုကုန်ကြမ်းသီးနှံတွေစသည်ဖြင့် သုတေသနလုပ်ငန်းတွေလုပ်ပြီးတော့ တွေ့ရှိချက်တွေကို အခုလိုပဲ စာအုပ်တွေထုတ်ပြီးတော့မှ ဘာတွေတွေ့ပါတယ်။ ရေငတ်ဒဏ်ခံနိုင်တဲ့ စပါးတွေ၊ ရေဝပ်ဒဏ်ခံနိုင်တဲ့စပါးတွေစသည်ဖြင့် ရေငန်ဒဏ်ခံနိုင်တဲ့ စပါးတွေ စသည်ဖြင့် သူက သီးနှံပေါင်းစုံရဲ့သုတေသနကို တောင်သူများကိုကမ်းပါတယ်။ အဲဒီဌာနဟာ စိုက်ပျိုးရေးတက္ကသိုလ်နှင့် တစ်ဝင်းတစ်ဝိုင်းထဲမှာရှိပြီးတော့မှ စိုက်ပျိုးရေးတက္ကသိုလ်ရဲ့ မဟာသိပ္ပံသင်တန်းတွေ၊ ပါရဂူသင်တန်းတွေရဲ့ သုတေသနလုပ်ငန်းများကိုလည်း ကောင်းစွာအကျိုးပြုတာဖြစ်ပါတယ်။ ထို့အတူ သစ်တောဌာနမှာလည်းပဲ သစ်တောဦးစီးဌာနလက်အောက်မှာ သစ်တောသုတေသနဌာနရှိပါတယ်။ အဲဒီရေဆင်းမှာ သစ်တောတက္ကသိုလ်နှင့်တစ်ဆက်တစ်စပ်တည်းမှာ ရှိပါတယ်။ ဒီဌာနကလည်းပဲ သစ်တောနဲ့ဆိုင်တဲ့ ဆေးဖက်ဝင်အပင်တွေ၊ ရေအသုံးချမှုတွေ၊ တခြားသစ်နှင့်ပတ်သက်တဲ့ သုတေသနလုပ်ငန်းများကို များစွာလုပ်ကိုင်ထားတာ ဖြစ်ပါတယ်။ အဲဒီတော့ သစ်တောတက္ကသိုလ်နှင့်လည်းပဲ တစ်ဝင်းတစ်ဝိုင်းတည်းမှာရှိတဲ့ သစ်တောကျောင်းသားတွေရဲ့ သုတေသနလုပ်ငန်းများကိုလည်း တစ်ဖက်ကအကူအညီပြုပါတယ်။ သို့သော် မွေးမြူရေးဌာနမှာဆိုလို့ရှိရင် မွေးမြူရေးတက္ကသိုလ် ရှိပါတယ်။ မွေးမြူရေးတက္ကသိုလ်ဟာ အင်းစိန်ကနေပြီးတော့မှ ရေဆင်း ကို ၁၉၈၀ ခုနှစ်ဝန်းကျင်လောက်မှာ ပြောင်းလာပါတယ်။ သူနဲ့အတူ မူလတွဲဖက်ပါလာတဲ့ သုတေသန ဌာနဟာ ရေဆင်းကို ပါလာခြင်းမရှိပါဘူး။ အင်းစိန်မှာပဲ ကျန်နေခဲ့ပါတယ်။ အဲဒါကြောင့် မို့လို့ ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ တခြားစိုက်ပျိုးရေး၊ သစ်တောတက္ကသိုလ်က ကျောင်းသားများ သုတေသနဆိုင်ရာလုပ်ငန်းများကို ကူညီနိုင်သလို မွေးမြူရေးဆိုင်ရာလုပ်ငန်းများ၊

သုတေသန လုပ်ငန်းများ လုပ်ကိုင်နိုင်အောင် ရေဆင်းမှာ မွေးမြူရေးဆိုင်ရာ သုတေသနဌာန ဦးစီးတစ်ခုများ ဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော်မေးမြန်းလိုပါတယ်။ ထို့အပြင် ကျွန်တော့်ကျိုက်လတ်မဲဆန္ဒနယ်နှင့် မအူပင်မှာ ငါးလုပ်ငန်းတွေ အခုဆိုငါးရံ့သား တိုးစမ်းသပ် မွေးမြူနေပါတယ်။ အဲဒီငါးများအတွက် သုတေသနစာတမ်းများလည်း မရှိပါဘူး။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့က ဖွင့်တဲ့အခါမှာ ငါးလုပ်ငန်း၊ ရေချို၊ ရေငန်ငါးအပါအဝင် မွေးမြူရေး ဆိုင်ရာ သုတေသနဦးစီးဌာနတစ်ခု ဖွင့်လှစ်ပေးဖို့ အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း လိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်း၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့မှ ငါးမွေးမြူရေးသုတေသနလုပ်ငန်းဌာနအဖြစ် ရှိ/မရှိမေးခွန်းနဲ့ပတ်သက်လို့ဖြေကြားရမယ်ဆိုလို့ရှိရင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ်(၅/၂၀၁၆)၏ သဘောတူခွင့်ပြု ချက်အရ ဝန်ကြီးရုံးတစ်ရုံးနှင့် ဌာန ၁၂ ခုတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ရာမှာ မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့သည် ဌာနတစ်ခုအဖြစ် ပါဝင်ခဲ့ပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် မွေးမြူရေးသုတေသနဦးစီးဌာနတစ်ခုအဖြစ် ဖွင့်လှစ်ထားရှိခြင်းမရှိသော် လည်း ယခင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဖွဲ့စည်းပုံတွင် ဌာနစုတစ်ခုအဖြစ် ဖွဲ့စည်းထားရှိခဲ့ ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁-၇-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂၅/၂၀၁၆)အရ ဌာန ၁၂ ခုအား ပြင်ဆင်ဖွဲ့စည်းခဲ့ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဖွဲ့စည်းပုံမှာ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနခွဲအဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့ပြီးတော့ သုတေသနလုပ်ငန်းများ ဆောင်ရွက်ဆဲ ၁၉ ခုနှင့် လျာထားအတည်ပြုပြီး ၁၄ ခု စုစုပေါင်း ၃၃ ခု ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ သုတေသနလုပ်ငန်းများမှာ ရောဂါရှာဖွေစုံစမ်းခြင်းဆိုင်ရာ

သုတေသနလုပ်ငန်း လေးခု၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာသုတေသနလုပ်ငန်းနှစ်ခု၊ မွေးမြူရေး တိရစ္ဆာန်များတွင် ဆေးယဉ်ပါးမှု(Antimicrobial resistance)ဆိုင်ရာသုတေသနလုပ်ငန်းတစ်ခု၊ ပဋိဇီဝဓာတ်ကြွင်းများ ရှာဖွေစစ်ဆေးခြင်းဆိုင်ရာ သုတေသနလုပ်ငန်းတစ်ခု၊ တိရစ္ဆာန်အစာနှင့် အစာကုန်ကြမ်းများတွင်ပါရှိသော အရေးကြီးသည့် Aflatoxin(မှိုအဆိပ်ဓာတ်)ပမာဏသတ်မှတ်ရန် အတွက် ခေတ်မီမြန်ဆန်သည့် ELISA နည်းပညာဖြင့် စမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ သုတေသန လုပ်ငန်းတစ်ခု၊ ရောဂါရှာဖွေရေးဆိုင်ရာသုတေသနလုပ်ငန်းသုံးခု၊ ကာကွယ်ရေးဆိုင်ရာ သုတေသန လုပ်ငန်းနှစ်ခု၊ ထုတ်လုပ်မှုဆိုင်ရာ သုတေသနလုပ်ငန်း ၁၉ ခု ပါဝင်ဆောင်ရွက်လျက်ရှိပြီးတော့ အသေးစိတ်စာရင်းကို Power Point ဖြင့် တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ တင်ပြဆွေးနွေးရမယ်ဆိုရင်တော့ မြန်မာနိုင်ငံမှာ ငါးမွေးမြူရေးလုပ်ငန်း အား ၁၉၅၃ ခုနှစ်ဝန်းကျင်ခန့်မှာ စတင်ခဲ့ပါတယ်။ ၁၉၆၇ ခုနှစ် နောက်ပိုင်းများတွင် ငါးမွေးမြူရေး ဆိုင်ရာနည်းပညာရပ်များ ဖွံ့ဖြိုးလာခြင်း၊ ၁၉၈၉ ခုနှစ်တွင် ငါးမွေးမြူရေးဆိုင်ရာဥပဒေ Aquaculture Law ကို ပြဋ္ဌာန်းလာနိုင်ခဲ့ခြင်းတို့ကြောင့် ငါးမွေးမြူရေးလုပ်ငန်းသည် ခိုင်မာသော စီးပွားဖြစ်လုပ်ငန်းတစ်ခုအဖြစ် ပြောင်းလဲလာပြီးတော့ တဟုန်ထိုးတိုးတက်ဖွံ့ဖြိုးလာခဲ့ပါတယ်။ ယခု အချိန်တွင် ငါးလုပ်ငန်းဦးစီးဌာနမှ စီးပွားဖြစ်သားပေါက်ထုတ်လုပ်နိုင်တဲ့ ငါးမျိုးစိတ် ၂၀ မျိုး ရှိပါ သည်။ သုတေသနအဆင့်စမ်းသပ် ဖောက်လုပ်နိုင်တဲ့ စီးပွားဖြစ်ငါးမျိုးစိတ် ကိုးမျိုးရှိပြီးတော့ စီးပွားဖြစ် သားပေါက်ထုတ်လုပ်တဲ့ အလှမွေးငါးမျိုးစိတ်သစ် ခြောက်မျိုး ရှိပါတယ်။ ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းတွင် အရေးကြီးသည့်အချက်တစ်ချက်ဖြစ်တဲ့ ရေအရည်အသွေး ထိန်းသိမ်းနိုင်ရန်အတွက် ရေအရည်အသွေးစစ်ဆေးရေးနှင့် သုတေသနဌာနစုအား ရန်ကုန်တိုင်းဒေသကြီး၊ သာကေတတွင် ဖွင့်လှစ်ထားရှိခဲ့ပါသည်။ အဆိုပါ ဌာနစုမှ မြေနှင့် ရေအရည်အသွေးဆိုင်ရာနည်းပညာပေးခြင်း ဖြစ်သည့် ငါး၊ ပုစွန်သားဖောက်စခန်းများ၊ မွေးမြူရေးကန်များအတွက် မြေနေရာရွေးချယ်ခြင်းနှင့် ရေမြေ အရည်အသွေးတိုင်းတာစစ်ဆေးခြင်းနှင့် သောက်သုံးရေနှင့် မြစ်၊ ချောင်း၊ ဆည်၊ ကန်များ၏ ရေအရည်အသွေးတိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ပုစွန်မွေးမြူရေး လုပ်ငန်းအနေဖြင့် ၁၉၇၅ ခုနှစ်တွင် သဘာဝမိရိုးဖလာနည်းဖြင့် ကျားပုစွန်မွေးမြူရေးလုပ်ငန်းအား ရခိုင်ပြည်နယ်မှ စတင်ခဲ့ပါသည်။ သားဖောက်ခြင်းလုပ်ငန်းသည် ၁၉၈၇ ခုနှစ်မှ စတင်ပြီးတော့ စမ်းသပ်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုစွန်မွေးမြူရေးလုပ်ငန်း ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၀၀ ပြည့်နှစ်မှာ ပုစွန်တိုးချဲ့မွေးမြူရေးထုတ်လုပ်ရေး ကော်မတီတစ်ရပ်

**မူကြမ်း**

အား ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ မွေးမြူရေးလုပ်ငန်းအတွက် အဓိကလိုအပ်သည့် မျိုးကောင်းမျိုးသန့်၊ ရေအရည်အသွေးနှင့် အစာတို့နှင့် ပတ်သက်ပြီးတော့ နည်းပညာသုတေသနပြု ဆောင်ရွက်နိုင်ခဲ့ပြီးတော့ ကျယ်ပြန့်စွာ မွေးမြူလာနိုင်ခဲ့ပါတယ်။ သို့သော် White Spot Virus ရောဂါကြောင့် ၂၀၁၃ ခုနှစ်မှာစတင်ပြီးတော့ ပုစွန်မွေးမြူရေးလုပ်ငန်းဟာ တဖြည်းဖြည်းနဲ့ အခက်အခဲ တွေ့ကြုံခဲ့ရပါတယ်။

ယင်းအခက်အခဲများကို လက်ရှိအခြေအနေမှာ ကျော်လွှားနိုင်ဖို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ(KOICA)တို့ပူးပေါင်းပြီးတော့ မြန်မာကုန်းတွင်းပိုင်း ငါးမွေးမြူရေးဆိုင်ရာ သုတေသနနှင့် နည်းပညာပေးရေးဗဟိုဌာနတည်ဆောက်ရန် ရေချိုငါးမွေးမြူရေးဖွံ့ဖြိုးမှု စီမံကိန်း (Development of Inland Fish Farming Technology)အား မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ သရက်ကုန်းငါးလုပ်ငန်းစခန်းတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းစီမံကိန်းဆောင်ရွက်ခြင်းဖြင့် လူ့စွမ်းအားမြှင့်တင်ရေးနှင့် သင်ထောက်ကူပစ္စည်းများဖွံ့ဖြိုးတိုးတက်စေခြင်း၊ မြန်မာ့ရေမြေနှင့် ကိုက်ညီမည့် စီးပွားဖြစ်မွေးမြူသော ငါးများသားဖောက်နည်းပညာရပ်များဖွံ့ဖြိုးလာခြင်း၊ ရေချိုငါးမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများကိုဆောင်ရွက်ဖို့ ခေတ်မီစက်ကိရိယာများ တပ်ဆင်ထားတဲ့ သုတေသနဗဟိုဌာနတစ်အခုအဖြစ် ပထမဦးဆုံး ပေါ်ထွက်လာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဝန်ကြီးဌာန၏ဖွဲ့စည်းပုံကို ၁-၇-၂၀၁၆ ရက်နေ့မှာ ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်သဖြင့်လည်းကောင်း၊ လုပ်ငန်းလိုအပ်ချက်အရဆောင်ရွက်သင့်သည့် သုတေသနတိုးမြှင့်ခြင်း အစီအစဉ်များကို ချမှတ်ဆောင်ရွက်နိုင်ရန် ဖြစ်သဖြင့်လည်းကောင်း၊ အထက်ဖော်ပြပါ သုတေသနလုပ်ငန်းများကို ဌာနခွဲများအနေဖြင့် ဆောင်ရွက်လျက်ရှိသဖြင့်လည်းကောင်း ငါးမွေးမြူရေးလုပ်ငန်းအပါအဝင် မွေးမြူရေးသုတေသနဦးစီးဌာနတစ်ခုအဖြစ် ဖွင့်လှစ်ရန်အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ယင်းမာပင်မြို့နယ်ရှိ (၉၉)ကန် စီမံကိန်းလုပ်ငန်းများအနက် စီမံကိန်းထက်ဝက်ခန့်မှာ တောင်သူလယ်သမားများအတွက် အကျိုးမပြုတော့ပါသောကြောင့် စီမံကိန်းဖျက်သိမ်းပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုး(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အားလုံးမင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ယနေ့ မေးမြန်းမယ့်မေးခွန်းကတော့ ကျွန်တော်တို့ ယင်းမာပင်ဒေသမှာရှိတဲ့ ၉၉ ကန်နဲ့ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ အဲဒီယင်းမာပင်မြို့နယ်မှာရှိတဲ့ ၉၉ ကန်နဲ့ပတ်သက်လို့ အနည်းငယ်ရှင်းပြလိုပါတယ်။ ကျွန်တော်တို့ ယင်းမာပင်ဒေသမှာ မြေအောက်ရေများဟာ ရေပေါ်ကို အလိုအလျောက်လျှံတက်နေတဲ့ နေရာအတော်များများရှိပါတယ်။ အဲဒီမြေအောက်ရေများကိုတွင်းတူးပြီး ရေကန် ၉၉ ကန်တည်ဆောက်ပြီး သက်ဆိုင်ရာအစိုးရက လယ်ယာမြေများကို ရေပေးဝေတဲ့စီမံကိန်းဖြစ်ပါတယ်။ အဲဒီစီမံကိန်းကို ၁-၅-၁၉၉၄ ရက်နေ့ကစပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ၂၈-၂-၁၉၉၅ ရက်နေ့မှာ ပြီးစီးကြောင်း သိရပါတယ်။ စီမံကိန်းဆောင်ရွက်တဲ့ကာလကတော့ ၁၀ လကြာမြင့်ခဲ့ပါတယ်။ ဒီစီမံကိန်းဟာဆိုလို့ရှိရင် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ယင်းမာပင်မြို့ရဲ့ ပတ်ဝန်းကျင် ၅ မိုင်ခန့်အတွင်းနဲ့ ဆားလင်းကြီးမြို့နယ် အနောက်မြောက်ဧရိယာအတွင်းမှာ တည်ရှိပါတယ်။ ယင်းမာပင်မြို့နယ်အတွင်း ကန် ၉၆ ကန်တည်ရှိပြီးတော့မှ ဆားလင်းကြီးမြို့နယ်မှာ သုံးကန်တည်ရှိပါတယ်။ စီမံကိန်းအကောင်အထည်ဖော်ရာမှာဆိုလို့ရှိရင် စပါးနှင့် အခြားသီးနှံ ၁၀၀ ဧကစိုက်ပျိုးရန်ရည်ရွယ်ပြီး တစ်ကန်လျှင် ရေထွက်နှုန်း တစ်နာရီ ၂၀၀၀၀ ဂါလန်ထုတ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်တယ်လို့ သိရပါတယ်။ ကန်များတည်ဆောက်ရာမှာတော့ အလျား ပေ ၂၀၀၊ အနံ ပေ ၂၀၀၊ အမြင့် ပေ ၇ ပေရှိတဲ့ ကျောက်စီရေလှောင်ကန်က ၁၅ ကန်၊ မြေသားရိုးရိုးရေလှောင်ကန်က ၈၄ ကန်၊ ရေပေးမြောင်း ၉၉ ခု ပြုလုပ်တည်ဆောက်ခဲ့ကြောင်း သိရှိရပါတယ်။ အဲဒီစီမံကိန်းကနေပြီးတော့ မှ အကျိုးပြုလယ်မြေဧကကတော့ ၈၁၈၁ ဧကအတွက် ရေများပေးဝေမှာဖြစ်ကြောင်း သိရပါတယ်။ ဒါ့အပြင် ဖြည့်စွက်စီမံကိန်းအနေနဲ့ အလျား ၁၅၀ ပေ၊ အနံ ၁၅၀ ပေ၊ အမြင့် ၇ ပေရှိတဲ့ မြေသားရေလှောင်ကန်ရှစ်ကန်ကိုလည်း ထပ်မံပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၉၉ ကန်စီမံကိန်းအနေနဲ့ စီမံကိန်း စတင်ဆောင်ရွက်တဲ့အချိန်ကစပြီးတော့ ယခုအချိန်အထိ နှစ်ပေါင်း ၂၀ ကျော် ကြာမြင့်လာခဲ့ပြီဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာန၊ ရေအရင်းမြစ်ရဲ့ စစ်တမ်းကောက်ယူမှုအခြေအနေအစီရင်ခံစာ စာစောင်ရဲ့ ဖော်ပြချက်အရ (၁) ရေလျှံထွက်ရှိမှု လုံးဝမရှိတော့တဲ့ရေကန်က ၂၈ ကန်ရှိပါတယ်။ အဲဒါက Nil ပါ။ (၂) ရေလျှံထွက်မှု နည်းပါးသောကန်က ၂၄ ကန်ဖြစ်ပါတယ်။ (၃) ရေလျှံထွက်မှုကောင်းမွန်ဆဲကန်က ကန်ပေါင်း ၅၀ ရှိပါတယ်။ (၄) ရေလျှံထွက်မှုအကောင်းမွန်ဆုံးကန်ကတော့ ၅ ကန်ဖြစ်ကြောင်း သိရှိရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ဌာနရဲ့ထုတ်ပြန်ချက်ကိုကြည့်မယ်ဆိုလျှင် စီမံကိန်းကန်များရဲ့ ထက်ဝက်ခန့်ကဆိုလို့ ရှိရင် ရေလျှံထွက်ရှိမှုလုံးဝမရှိတော့ခြင်း၊ ရေလျှံထွက်မှုနည်းပါးခြင်းတို့ ဖြစ်လျက်ရှိတဲ့အခါမှာ အဲဒီကန် တွေမှာ တောင်သူလယ်သမားတွေအတွက် အကျိုးဖြစ်ထွန်းမှုမရှိတော့ကြောင်း လေ့လာတွေ့ရှိရပါ တယ်။ ရေအရင်းအမြစ်ဌာနရဲ့ထုတ်ပြန်ချက်အရ အဲဒီအဆိုပါရေလျှံထွက်မှုမရှိတဲ့ကန်များ၊ ရေလျှံမှု နည်းတဲ့ကန်များကိုတွင်းဆေးခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းများပြုလုပ်ကြောင်း ဖော်ပြခဲ့သော်လည်း ထူးခြားတဲ့ရေလျှံထွက်ရှိမှုမရှိတဲ့အပြင် မူလအတိုင်း ရေလျှံမထွက်တော့တာကို သိရှိရပါတယ်၊ တွေ့ရှိရပါတယ်။ ဌာနရဲ့ထုတ်ပြန်ချက်အခါမှာ သုံးသပ်ထားတာကတော့ ဌာနကတူးဖော်ထားတဲ့ ရေလျှံတွင်းနေရာများထက် နိမ့်တဲ့အပိုင်းများမှာ တောင်သူလယ်သမားတွေက ကိုယ်ပိုင်ရေလျှံတွင်း များတူးဖော်သုံးစွဲမှုများပြားသောကြောင့် ဌာနရေလျှံတွင်းများ ရေမလျှံမှုဖြစ်ပေါ် ရကြောင်း ဖော်ပြထား တာကို တွေ့ရပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာတောင်သူလယ်သမားတွေမှာ ကွင်းဆင်းပြီးတော့ လေ့လာစုံစမ်းမေးမြန်းလိုက်တဲ့အခါမှာ အဆိုပါဌာနကကန်များဟာ ရေလျှံထွက်ရှိမှု မရှိတဲ့အတွက် လယ်ယာမြေများလုံးဝရေမရရှိသဖြင့် ကိုယ်ပိုင်ရေလျှံတွင်းများကို အကုန်အကျခံ၍ တူးဖော်သုံးစွဲရတဲ့အကြောင်း ပြောကြားခဲ့သည်ကို တွေ့ရပါတယ်။ ဒီနေရာမှာ တောင်သူလယ်သမား များရဲ့ ပြောကြားချက်များဟာ သဘာဝကျပါတယ်။ တကယ်လို့သာ ဌာနက ကန်များအနေနဲ့ လယ်ယာမြေများကို ရေများပေးဝေနိုင်လို့ရှိရင် တောင်သူလယ်သမားများအနေနဲ့ ငွေကြေး အကုန်အကျခံပြီးတော့မှ ရေလျှံတွင်းများတူးဖော်သုံးစွဲရန်အကြောင်းမရှိကြောင်း ပြောကြားခဲ့ကြခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလို ရေလျှံထွက်ရှိမှုမရှိတော့တဲ့ ရေကန်ပေါင်း ၅၀ ကျော် ရှိသည့်အပြင် ရေမြောင်းများမှာလည်း ရေပေးဝေမှုမရှိတဲ့အတွက် တောင်သူလယ်သမားများအတွက်

အကျိုးမပြုတော့သဖြင့် လယ်ယာစိုက်ပျိုးမြေများ အလဟဿဖြစ်ရတဲ့အခြေအနေမှာ ဧကပေါင်း မြောက်မြားစွာဖြစ်ပေါ်နေရပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နောက်ထပ် မေးခွန်း ဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားရမယ်ဆိုလို့ရှိရင် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင် မြို့နယ် ၉၉ ကန် ရေလျှံတွင်း ရေလှောင်ကန်စီမံကိန်းကို ၁၉၉၄-၁၉၉၅ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ပြီးစီးခဲ့ပါတယ်။ စီမံကိန်း၏ မူလရည်ရွယ်ချက်မှာ မြေမျက်နှာသွင်ပြင်အရ အမြင့်ပိုင်း ရေလျှံနိုင်သောဒေသများ၌ ရေလျှံတွင်းများတူးဖော်ပြီးတော့ မြေသားရေလှောင်ကန်များဖြင့် ရေကို စုဆောင်းကာ ရေပေးမြောင်းငယ်များမှတစ်ဆင့် အနိမ့်ပိုင်းစိုက်ပျိုးမြေများသို့ အလိုအလျောက် ရေစီးဆင်းသည့် Gravity Flow System စနစ်ဖြင့် ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေပေးဝေ သွားရန်ဖြစ်ပါတယ်။ ၉၉ ကန် ရေလျှံတွင်းများ၏ ရေပေးဝေမှုမှတ်တမ်းများအရ နှစ်စဉ်ပျမ်းမျှ စပါးနှင့် အခြားသီးနှံ စုစုပေါင်း ၅၅၀၀ ဧကခန့်ကို ရေပေးဝေနိုင်ခဲ့ပါတယ်။ ၉၉ ကန် စီမံကိန်းရေလျှံတွင်း များအနက် ရေလျှံမှုလျော့ကျလာသော ၃၄ ကန်၏ လျော့ကျရခြင်းအကြောင်းအရင်းများကို လေ့လာခဲ့ရာမှာ ဒေသခံတောင်သူများမှ ရေကိုအလှည့်ကျစနစ်ဖြင့် စနစ်တကျရယူသုံးစွဲမှုမရှိခြင်းနှင့် မိမိ၏ရေအလှည့်ကိုမစောင့်ဘဲ လယ်ကွက်များအတွင်း ရေလျှံတွင်းများအား ၎င်းတို့အစီအစဉ်ဖြင့် ထပ်မံတူးဖော်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

မူလစီမံကိန်းတည်ဆောက်စဉ်အတွင်း စက်ရေတွင်း စုစုပေါင်း ၄၉၉ တွင်းသာတူးဖော်ခဲ့ သော်လည်း ယခုအခြေအနေတွင် အခြားဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် တောင်သူများမှ စုစုပေါင်း ၂၁၁၉ တွင်းအထိ များပြားစွာထပ်မံတူးဖော်ထားခြင်းနှင့် အဆိုပါတွင်းအများစုမှာ မူလစီမံကိန်းတွင်းများ တည်ရှိရာထက်ပို၍နိမ့်သောနေရာများတွင် တူးဖော်ကြခြင်း၊ အချို့သော

အသုံးပြုသူများမှာ ရေကန်များအတွင်း ရေဆင်းချိုးပြီးတော့ စက်ရေတွင်းများအတွင်းသို့ အမှိုက်များ၊ ခဲများပစ်ချခဲ့သဖြင့် တွင်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ခြင်းတို့ကြောင့် မူလစီမံကိန်းရေလျှံတွင်းများ၏ မြေအောက်ရေမျက်နှာပြင် (Piezometric Level) ကျဆင်း၍ ရေလျှံသည့်ပမာဏများ တဖြည်းဖြည်း လျော့နည်းလာရခြင်းဖြစ်ပါတယ်။ မြေအောက်ရေသယံဇာတအရင်းအမြစ်များ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေစေရန်မှာ နိုင်ငံတော်နှင့်ကိုက်ညီမည့် အမျိုးသားအဆင့် ရေမူဝါဒ၊ မြေအောက်ရေဆိုင်ရာထိန်းချုပ်မှုဥပဒေများ ပေါ်ထွက်လာပြီးနောက်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကိုယ်တိုင် ကြီးကြပ်ထိန်းချုပ်ခြင်း၊ မြေအောက်ရေတွင်းသစ်များ တူးဖော်ခြင်းနှင့်ပတ်သက်သည့် တူးဖော်ခွင့်လိုင်စင်များ စိစစ်ခွင့်ပြုပေးခြင်းတို့ကို ဆောင်ရွက်သွားရန်လိုအပ်ပါတယ်။ ထို့ပြင် ရေနှင့်ပတ်သက်ဆက်နွှယ်ဆောင်ရွက်နေသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ဘာသာရပ်ဆိုင်ရာပညာရှင်များနှင့် ပူးပေါင်းဆွေးနွေးပြီးတော့ မြေအောက်ရေထိန်းချုပ်မှုဆိုင်ရာဥပဒေ တစ်ရပ် အမြန်ပေါ်ထွက်လာရေးဆောင်ရွက်ရန်မှာ အလွန်ပင်အရေးကြီးပါတယ်။

မြန်မာနိုင်ငံတွင် ရေနှင့်ပတ်သက်၍ ဆက်နွှယ်ဆောင်ရွက်နေသော ဌာန၊ အဖွဲ့အစည်းများ ဖြစ်သည့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအပါအဝင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှလည်း ဝိုင်းဝန်းကူညီထိန်းသိမ်းသွားရန် လိုအပ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ Focal Department အဖြစ် ဆောင်ရွက်နေသည့် မြေအောက်ရေ ကြီးကြပ်ထိန်းသိမ်းရေးဥပဒေမူကြမ်း အတည်ပြုပေါ်ထွက်လာရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ၉၉ ကန်ရေလျှံတွင်းများ ပြန်လည်ထိန်းသိမ်းရာမှာ အတည်ပြုပြဋ္ဌာန်းလာမည့် မြေအောက်ရေဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများအပေါ်မှာအခြေပြုပြီးတော့ မလိုအပ်သော ရေလျှံတွင်း များကိုပိတ်သိမ်းခြင်း၊ အသုံးပြုနေသည့် ရေလျှံတွင်းများကို ရေမလိုအပ်သောအချိန်တွင် အလေအလွင့် မရှိစေရန် ပိတ်ထားနိုင်ရေး စီမံဆောင်ရွက်ခြင်း (Piezometer များတပ်ဆင်ခြင်း)၊ တွင်းအသစ်များ တူးဖော်ခြင်းများကို စနစ်တကျကြီးကြပ်ခွင့်ပြုမိန့်ထုတ်ပေးခြင်း စသည့် မြေအောက်ရေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုအပ်ပါတယ်။

**မူကြမ်း**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဒေသခံပြည်သူများ မြေအောက်ရေသယံဇာတနှင့်ပတ်သက်၍ နားလည်သဘောပေါက်ပြီးတော့ ရေရှည်တွင် ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်ပြီးတော့ မြေအောက်ရေဆိုင်ရာ ပညာပေးဟောပြောပွဲတစ်ခုကို ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း ယင်းမာပင်မြို့၌ စီစဉ်ကျင်းပသွားရန် ထားရှိပါတယ်။ ထို့အပြင် နိုင်ငံတော်၏ မြေအောက်ရေသယံဇာတစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်အကူအညီရယူပြီး မြေအောက်ရေထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ၉၉ ကန် ရေလျှံတွင်းရေလှောင်ကန်စီမံကိန်းသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက်သာမက သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက်ပါ အကျိုးပြုနေသော စီမံကိန်းတစ်ခုဖြစ်ပြီးတော့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ရေရှားပါးမှုအခက်အခဲများဖြစ်ပေါ်လာပါက လက်ရှိရေလျှံမှု လျော့ကျနေသော ၃၄ ကန်ရှိ တွင်းများတွင် စက်တပ်ဆင်၍ ဆောင်ရွက်ပေးရန်ရှိသည့်အပြင် လက်ရှိအခြေအနေတွင်လည်း ၉၉ ကန် ရေလျှံတွင်းများနှင့်ပတ်သက်ပြီးတော့ ရေမလိုသောအချိန်တွင် ရေအလေအလွင့်မရှိစေရန်နှင့် တွင်းပိတ်ဆို့မှုများမဖြစ်ပေါ်စေရန်အတွက် စက်ရေတွင်းများတွင် ထိန်းသိမ်းမှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကျေးရွာနေလူထုအား ရေလျှံတွင်းများနှင့်ပတ်သက်ပြီးတော့ အသိပညာပေးဟောပြောမှုများပြုလုပ်ခြင်း စသည့် ရေရှည်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသဖြင့် အဆိုပါစီမံကိန်းအားဖျက်သိမ်းရန် အစီအစဉ်မရှိပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်အတူ ပေါင်းစပ်ပြီးတော့ ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရေဝတီမြစ်ရေကြီးမြင့်မှုကြောင့် ရေကြီးနစ်မြုပ်သော ဒေသများရှိ ပြည်သူများ၏လူနေမှုဘဝ ပြန်လည်ထူထောင်ရေးအတွက် ကျန်းမာရေး၊ လူမှုရေးကဏ္ဍများအပြင် ပြန်လည်စိုက်ပျိုးရန် သက်တမ်းတိုမျိုးစပါးများ အမြန်ဆုံးဖြန့်ဝေပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(တိုက်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပုဂ္ဂိုလ်အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တိုက်ကြီး

မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့် ဖြစ်ပါတယ်။ ဥက္ကဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ ဩဂုတ်လ ၆ ရက်နေ့က မိုးညှိုမြို့နယ်ကနေပြီးတော့ ဧရာဝတီမြစ်ကမ်းရေကာတာကြီး ကျိုးပေါက်ပြီးတော့ တိုင်းသုံးတိုင်း ပဲခူးအနောက်ခြမ်းရယ်၊ ဧရာဝတီအရှေ့ခြမ်းက ဇလွန်မြို့နယ်ရယ်၊ ရန်ကုန်တိုင်းဒေသကြီးက တိုက်ကြီးမြို့နယ်ရယ်၊ မြို့နယ်ငါးမြို့နယ်မှာ ရေကြီးနစ်မြုပ်သွားပါတယ်။ ဒီကိစ္စကိုသိစေရန် လွှတ်တော်ကနေပြီးတော့ ခွင့် ၇ ရက်ယူပြီးတော့ သွားပြီးတော့ ပြည်သူတွေနဲ့ ထိတွေ့တယ်။ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းတွေလုပ်ခဲ့ပါတယ်။ အဲဒီအချိန်အခါမှာ ဒီမြို့နယ်တွေမှာ ရေလွှမ်းသွားတဲ့ရေပြင်ကြီးတွေဟာ ဒီပေါ်မှာကြည့်ပြီးတော့ ကျွန်တော်တို့ တောင်သူလယ်သမားတွေရဲ့ ဒုက္ခတွေကိုကြည့်ပြီးတော့ အင်မတန်ဝမ်းနည်းသွားရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ တောင်သူလယ်သမားတွေဟာ မနှစ်ကလည်း တစ်ခါမြုပ်ပြီးပြီ။ ဒီနှစ်လည်းတစ်ခါထပ်မြုပ်ရတယ်။ အဲဒီတော့ ဒီရေကျသွားပြီးရင် ကျွန်တော်တို့တောင်သူလယ်သမားတွေကို အမြန်ဆုံးစိုက်ပျိုးနိုင်ဖို့ အတွက် သက်တမ်းတိုမျိုးစပါးတွေရရှိအောင် ကျွန်တော့်အနေနဲ့ မြို့နယ်စိုက်ပျိုးရေးအရာရှိရော၊ မြေစာရင်းအရာရှိရော၊ မြေဧကဘယ်လောက်မြုပ်သလဲ။ ဘယ်လောက်မျိုးတွေလိုအပ်သလဲ။ ဒါတွေကို ကြည့်ပြီးတော့မှ ကျွန်တော်က ဒီမေးခွန်းကို တင်ပြလိုက်ခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကံအားလျော်စွာပဲ ကျွန်တော့်ရဲ့မေးခွန်းဟာ နှစ်လခန့်ကြာမှပဲ အခု ပေါ်ပေါက်လာပါတယ်။ ဒီလိုပေါ်ပေါက်လာတဲ့ အခါမှာ ကျွန်တော် အခြေအနေကိုကြည့်လိုက်တဲ့အခါကျတော့ ကျွန်တော်တို့အစိုးရကလည်း ကျွန်တော့်ရဲ့မေးခွန်းပါအတိုင်း ဆောင်ရွက်ပြီးစီးနေတာကို တွေ့ရပါတယ်။ အဲဒီတော့ ဒီလိုဆိုလို့ရှိရင် ကျွန်တော့်ရဲ့မေးခွန်းကို အဖြေရပြီးဖြစ်နေတဲ့အတွက် ဆက်လက်ပြီးတော့ မေးစရာမလိုတော့ဘူး လို့တော့ ကျွန်တော်မအောင်းမေ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီမေးခွန်းနှင့် ဆက်စပ်နေတဲ့ နောက်ထပ်မေးခွန်းက ကျွန်တော့်အနေနဲ့ ပေါ်ပေါက်လာတာဖြစ်ပါတယ်။

အဲဒီတော့ ဥက္ကဌကြီးခင်ဗျား။ ကျွန်တော်တို့ မနှစ်ကလည်း ဒီလိုပဲတာကျိုးလို့ လက်ပံတန်း မြို့နယ်ရယ်၊ မိုးညှိုမြို့နယ်ရယ်၊ သာယာဝတီမြို့နယ်ရယ်၊ ဇလွန်အရှေ့ဘက်ကမ်းမြို့နယ်ရယ်၊ ဇလွန် မြို့နယ်ရယ်၊ တိုက်ကြီးမြို့နယ်ရယ် ဒီလိုပဲ ရေနစ်မြုပ်ခဲ့ပါတယ်။ အဲဒီတုန်းကဆိုလို့ရှိရင် အခု ကျွန်တော့်ရဲ့မေးခွန်းကို လာရောက်ဖြေဆိုမယ့် ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းနှင့် ကျွန်တော်နဲ့ဟာ ဒီရေကြီးနစ်မြုပ်တဲ့နေရာတွေကို ကယ်ဆယ်ရေးပစ္စည်းများနှင့် ကျွန်တော်တို့လျှောက်ပြီးတော့ ကြည့်ပါ တယ်။ ကြည့်တဲ့အခါကျတော့ ကျွန်တော်တို့နှစ်ယောက်ဆွေးနွေးတယ်။ ဆရာ အခုဒါ ကျွန်တော်တို့ ပြည်သူတွေရဲ့ဘေးဒုက္ခကို တစ်စိတ်တစ်ပိုင်း နှစ်သိမ့်တာပဲဖြစ်နေသေးတယ်။ ပြဿနာရဲ့အရင်းအမြစ်

ကိုဖြေရှင်းတာမဟုတ်သေးဘူး။ အဲဒီလိုဆိုရင် ပြဿနာရဲ့အရင်းအမြစ်က ဘာလဲ။ ပြဿနာအရင်းအမြစ်က ဧရာဝတီမြစ်ကြမ်းပြင်တွေတက်လာတယ်။ မြစ်ရေတွေကကြီးတယ်။ အဲဒီမြစ်ရေကြီးပြီးတော့ မြစ်ကြမ်းပြင်တက်လာလို့ ဒီတာတွေကို ကျွန်တော်တို့က ပြုပြင်မှုမရှိခဲ့ဘူး။ မြှင့်တင်မှုမလုပ်ခဲ့ဘူး။ အဲဒီလို မလုပ်ခဲ့တဲ့အတွက် ဒီရေကြီးနစ်မြုပ်တာဖြစ်တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါ။ အဲဒီတော့ ဒီလိုပြဿနာရဲ့အရင်းအမြစ်က ဒီရေကာတာတွေမှာ ရေကဒီမှာ ကျော်နေပြီ။ အဲဒီလို ကျော်လုကျော်ခင်ဖြစ်နေတာ ဒါ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းက ရေလဲတိုက်နယ်က ဇလွန်မြို့နယ်ဖြစ်ပါတယ်။ အဲဒီလိုကျော်ပြီးတော့ ကျွန်တော်တို့တာတွေဟာ အခုဟာက ကျိုးသွားတာပါ။ အဲဒီတော့ ဒီတာတွေကို ကျွန်တော်တို့က မမြှင့်တင်ဘဲနဲ့ အဆင့်အတန်းမမြှင့်ဘဲနဲ့ ဒီလိုတွေပဲ ကျွန်တော်တို့က နှစ်စဉ်နှစ်စဉ်ရေကြီးနှစ်မြုပ်နေမယ်ဆိုရင် ကျွန်တော်တို့ ဆင်းရဲတဲ့တောင်သူလယ်သမားဘဝတွေဟာ လုံးဝကို နလန်ထူတော့မှာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က တကယ့်အရေးကြီးတဲ့ဟာကို ကျွန်တော်တို့ လုပ်ဖို့လိုပါတယ်။ အဲဒီတော့ ပြီးခဲ့တဲ့ ကျွန်တော်တို့ ဒီကိစ္စတွေကို ပြောတဲ့အခါတိုင်း အရေးကြီးတဲ့ကိစ္စကို လုပ်ရမယ့်နေရာမှာ မလုပ်ခဲ့ဘဲနဲ့ ကျွန်တော်တို့ ဒါပြီးခဲ့တဲ့အစိုးရကို အပြစ်တင်တာမဟုတ်ပါဘူး။ ဒီတာတွေကို အဆင့်မမြှင့်တင်ဘဲနဲ့ ကျိုးပေါက်တဲ့နေရာလေးတွေကိုပဲ ပြန်လည်ဖို့လိုက်တဲ့အခါကျတော့ အခုနောက်တစ်နေရာကနေ ထပ်ကျိုးတာပါ။ နောက်တစ်နေရာက ထပ်ကျိုးတော့ ဒီလိုပဲ ရေကြီးနစ်မြုပ်တယ်။ အိမ်ထောင်စုပေါင်း ၁၀၀၀၀ ကျော် ဘေးဒုက္ခရောက်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ တကယ့်အရေးကြီးခြင်းသည် ဒီမြစ်ကြမ်းပြင်မြှင့်တက်လာတဲ့ဟာကို ကာမိအောင် မြစ်ရေကြီးမှုကို ကာမိအောင် ကျွန်တော်တို့ တာတမံတွေကို အောက်ခြေခိုင်မာစွာနဲ့ အဆင့်မြှင့်တင်ဖို့ လိုအပ်နေပါတယ်။ ဒါတွေကို အစိုးရအနေနဲ့၊ ဝန်ကြီးဌာနအနေနဲ့ ဆက်လက်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ။ ကျွန်တော့်အနေနဲ့ ဆက်စပ်မေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာန ခဏနေပါအုံး။ ဝန်ကြီးဌာန ခဏနေပါအုံး။ မေးတဲ့မေးခွန်းက ဧရာဝတီမြစ်ရေကြီးမှုကြောင့် ရေကြီးနစ်မြုပ်တဲ့ဒေသရှိ ပြည်သူတွေရဲ့ လူနေမှုဘဝပြန်လည်ထူထောင်ရေးအတွက် သက်တမ်းတိုမျိုးစပါးတွေ အမြန်ဆုံးဖြန့်ဝေဖို့ မေးထားတဲ့မေးခွန်း။ အဲဒီတော့ မေးတဲ့မေးခွန်းမှာက သက်တမ်းတိုမျိုးစပါးရရှိဖို့၊ အခုမေးသွားလိုက်တာက တာကျိုးလို့ ရေတွေကြီးတဲ့ ကိစ္စ။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့လည်းသိပါတယ်။ ဒီမျိုးစပါးတွေကို အခမဲ့တစ်နိုင်ငံလုံးမှာ ဖြန့်ဝေပြီးပါပြီ။ ဒါကြောင့်မို့လို့ မျိုးစပါး သက်တမ်းတိုမျိုးစပါး အမြန်ဆုံးဖြန့်ဝေတဲ့

မေးခွန်းတစ်ခုကိုပဲ တိုတိုနှင့်လိုရင်းဖြေပေးပါ။ တာကျိုးလို့ရေကြီးတဲ့ကိစ္စမေးခွန်းမပါတဲ့အတွက် အဲဒါကိုဖြေဖို့မလိုပါဘူး။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးဆွေးနွေးတဲ့အတိုင်းပါပဲ။ ဒါတွေက ကျွန်တော်တို့ ပြီးခဲ့တဲ့ ရေကျသွားပြီး ကာလမှာ ကျွန်တော်တို့တွေ စပါးမျိုးတွေကို အခမဲ့ဝေပေးပြီးတော့၊ စိုက်ပျိုးစေပြီးတော့ အခု ဆက်လက်ပြီးတော့ စိုက်ပျိုးနေတဲ့ အနေအထားမှာရှိတဲ့အတွက် ဒါအားလုံး ကျွန်တော်တို့ လုပ်ငန်းက ပြီးစီးသွားပြီဖြစ်တဲ့အတွက် ဒါထပ်ပြီးတော့ ဆွေးနွေးတင်ပြစရာမရှိတော့ဘူးလို့ ယူဆပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**T & C ကုမ္ပဏီမှ သိမ်းယူထားသော နားဆိုင်းကျေးရွာအုပ်စုရှိ လယ်ယာမြေများကို ဒေသခံများထံ အမြန်ဆုံးပြန်လည်ပေးအပ်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)။** ။ မင်္ဂလာပါ။ ရှမ်းပြည်နယ်၊ နမ္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး ဖြစ်ပါတယ်ရှင့်။ နမ္မတူမြို့နယ်၊ နားဆိုင်းကျေးရွာ အုပ်စုမှာ T & C ကုမ္ပဏီကနေပြီးတော့ ရော်ဘာစိုက်ပျိုးဖို့အတွက် ပုံစံ(၁၀၅)ရှိပြီးတဲ့မြေကွက်တွေ အပါအဝင် ဒေသခံတွေစိုက်ပျိုးလျက်ရှိတဲ့လယ်ယာမြေတွေကို ၂၀၀၇ ခုနှစ်မှာ သိမ်းယူခဲ့ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကနေပြီးတော့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့ရဲ့ ၉-၄-၂၀၀၉ ရက်စွဲနဲ့ မြေ ၇၉၉ ဧကကို စတင်ချမှတ် ပေးစဉ်က ရွာနှင့်နှစ်မိုင်ဝေးတဲ့နေရာကနေ စတင်ပြီး စိုက်ပျိုးဖို့ပြောဆိုခဲ့ပေမယ့် ကုမ္ပဏီကနေပြီးတော့ ရွာနှင့် တစ်ဆက်တစ်စပ်တည်းရှိနေတဲ့မြေတွေကို သိမ်းယူခဲ့ပါတယ်။ အဲဒီလို မြေသိမ်းယူတဲ့အချိန် တုန်းက အကယ်၍ ကုမ္ပဏီနဲ့သာအကျိုးတူလုပ်ဆောင်မယ်ဆိုလို့ရှိရင် မြေတွေပြန်ရမယ်လို့ ပြောတဲ့ အတွက်ကြောင့် ဒေသခံတွေတချို့ဟာ ကုမ္ပဏီနဲ့အကျိုးတူလုပ်ဆောင်ခဲ့ပါတယ်။ ဒါပေမဲ့ ကုမ္ပဏီဟာ စာချုပ်ပါအတိုင်း လိုက်နာကျင့်သုံးခြင်းမရှိခဲ့ပါဘူး။ အခု အကျိုးတူလုပ်နေသူတွေအများစုဟာ တိုင်းရင်းသားမဟုတ်တဲ့ ကုမ္ပဏီကခေါ်သွင်းလာတဲ့လူတွေသာ ဖြစ်နေပါတယ်။ ရွာနှင့်တစ်ဆက်တည်း မှာ နှစ်ရှည်ပင်တွေစိုက်ပျိုးထားတဲ့အတွက်ကြောင့် နယ်မြေလုံခြုံမှုမရှိတဲ့ဒေသမှာ ရွာအတွက်

အန္တရာယ်ဖြစ်စေပါတယ်။ အဲဒီမြေတွေကို ပြန်လည်ရယူလိုကြောင်းကို ၁၅-၃-၂၀၁၂ ရက်နေ့မှာ ဒေသခံတွေက ရှမ်းပြည်နယ်အစိုးရထံတင်ပြတောင်းဆိုသလို ကျွန်မကလည်း ရှမ်းပြည်နယ်၊ လွှတ်တော်မှာ ဆွေးနွေးပေးတဲ့အတွက်ကြောင့် ၃၀-၅-၂၀၁၃ ခုနှစ်မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်ပြီး စိုက်ပျိုးရာသီအမီ ဖြေရှင်းပေးဖို့ ညွှန်ကြားပေးခဲ့ပါတယ်။ အဲဒါအပြင် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း စိုက်ပျိုးရေးဝန်ကြီးဌာန စိုက်ပျိုးရေးဌာန၊ မြေစာရင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ကို အသိမ်းခံရတဲ့နယ်မြေတွေကို ကွင်းဆင်းတိုင်းတာစေခဲ့ပါ တယ်။ Power Point သုံးခွင့်ပြုပါရှင်။ ပုံမှာပြထားတဲ့အတိုင်း တောင်သူ ၈၀ ဦးရဲ့ အသိမ်းခံရတဲ့ မြေဟာ စုစုပေါင်း ထွက်ဆိုချက်ဟာ ၅၃၃ ဖြစ်ပါတယ်။ ဒါပေမဲ့ ကွင်းဆင်းတိုင်းတာတဲ့အချိန်မှာ ကွင်းဆင်းတိုင်းတာရရှိတဲ့ဧကက ၇၆၃.၇၆ ဆိုပြီးတော့ ကွာဟချက်ရှိနေပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံမှာဆိုလို့ရှိရင် ဆန်တစ်ပြည်ရဲ့ စံသတ်မှတ်နှုန်းဟာ နို့ဆီဘူးရှစ်လုံးဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ရှမ်းပြည်မှာဆိုလို့ရှိရင် ဆန်တစ်ပြည်ဟာ နို့ဆီဘူး ၁၀ လုံး ဖြစ်ပါတယ်။ အဲဒီလိုပဲ ကျွန်မတို့ရှမ်းပြည်မှာသုံးနေတဲ့ ဧကဟာဆိုလို့ရှိရင် စံသတ်မှတ်နှုန်း ဧက ထက်ကြီးနေတဲ့အတွက်ကြောင့် ဒီ ၇၆၃.၇၆ ဆိုတာ အနီးစပ်ဆုံးအဖြေမှန်ဖြစ်နိုင်ပါတယ်။ နောက် တစ်ကွက် ၁၆၃ ဧကဆိုတာက တောင်သူတွေ စိုက်ပျိုးထားခြင်းရှိ/မရှိဆိုတာကို ၂၀၀၆ ခုနှစ်မှာ တိုင်းတာထားတဲ့ Google Earth မြေပုံကနေပြီးတော့ ခန့်မှန်းဆိုပြီးတော့ ဖော်ပြထားပါတယ်။ ခန့်မှန်း ဆိုကတည်းက ဘယ်လိုမှအဖြေမှန်မဖြစ်နိုင်ပါဘူး။ ၁၅၄.၆၄ ဧကဆိုတာက Google Earth မှာကြည့် လိုက်လို့ရှိရင် မပေါ်လွင်ဘူး။ စိုက်ပျိုးမှုမပေါ်လွင်ဘူးဆိုပြီး ဖော်ပြထားပါတယ်။ အဲဒါ ၂၀၀၆ ခုနှစ်မှာ တိုင်းတာထားတဲ့ Google Earth ဖြစ်ပြီးတော့ တကယ်တမ်း ကုမ္ပဏီက သိမ်းတဲ့အချိန်မှာ ၂၀၀၇ ခုနှစ် ဖြစ်နေပါတယ်။ အဲဒါကြောင့် စိုက်ပျိုးမှုမပေါ်လွင်ဘူးဆိုပြီး ဖော်ပြထားတဲ့နေရာမှာ အခုအချိန်အထိ အဲဒီကတည်းက စိုက်ပျိုးတဲ့အပင်တွေက သက်သေအနေနဲ့ရှိနေပါတယ်။ နောက်တစ်ခု စိုက်ပျိုးခြင်း မရှိတာ တစ်ဧကဆိုပြီး ဖော်ပြထားပါတယ်။ အဲဒီနေရာမှာ ကုမ္ပဏီကနေပြီးတော့ တိုင်းတာတဲ့သူတွေ ဟာ ပြည်သူတွေဘက်ကနေပြီးတော့ ပိုပြီးတိုင်းတာတယ်လို့ ပြောဆိုစွပ်စွဲလာတာကို တွေ့ရပါတယ်။ မြေပြင်ကွင်းဆင်းစိစစ်တဲ့အဖွဲ့ဟာ ဒေသခံတွေရဲ့ ရိုးသားစွာတင်ပြမှုအပေါ်မှာပဲ တိုင်းတာတင်ပြခြင်း ဖြစ်တဲ့အပြင် ဒေသခံတွေဘက်ကနေပြီးတော့ မမှန်မကန်ရပ်တည်တင်ပြစရာအကြောင်းမရှိပါဘူး။ ခန့်မှန်းပြောဆိုချက်ထက် လက်တွေ့တိုင်းတာချက်နဲ့ မြေပြင်မှာ သက်သေရှိနေတဲ့အချက်ကိုသာ အလေးထားအတည်ပြုသင့်ပါတယ်။ အဲဒါကြောင့် ၃-၁-၂၀၁၅ မှာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲအဖွဲ့

ကနေပြီးတော့ တောင်သူတွေရဲ့ ဆန္ဒသဘောထားကို လာရောက်တောင်းဆိုရာမှာ တောင်သူတွေက မြေတွေကိုသာ ပြန်လည်ရယူလိုကြောင်း ပြောဆိုခဲ့ပါတယ်။ အဲဒီလိုပဲ ကျွန်မကလည်း ၆-၁-၂၀၁၆ ရက်နေ့မှာ ဒီအစိုးရသက်တမ်းမှာပဲ အပြီးဆောင်ရွက်ပေးဖို့ ဝန်ကြီးချုပ်ကိုသွားရောက်ပြီးတော့ တွေ့ဆုံရာမှာ ဝန်ကြီးချုပ်ကနေပြီးတော့ ၂၈-၁-၂၀၁၆ ခုနှစ်မှာ အဲဒီကုမ္ပဏီအဖွဲ့ကို ရှင်းလင်းပေးဖို့ ညွှန်ကြားခဲ့ပါတယ်။ အဲဒါကြောင့် T & C ကုမ္ပဏီဟာ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ မကုန်မီမှာ နောက်ဆုံးရှင်းပေးပါ့မယ်။ ဖြေရှင်းပေးပါ့မယ်။ ပေးလျော်ပေးပါ့မယ်လို့ ပြည်သူတွေနဲ့တွေ့ဆုံခြင်းမဟုတ်ဘဲနဲ့ ဒေသခံတွေသာ တွေ့ဆုံညှိနှိုင်းခဲ့ပြီး ပြောဆိုခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ တစ်ဧက သတ်မှတ်နှုန်းထားဟာ ဆီလျော်မှုရှိ/မရှိ စိစစ်ပြီးမှပေးလျော်ပါရန်လို့ ဝန်ကြီးချုပ်ကမှတ်ချက်ပြုခဲ့ပါတယ်။ အဲဒါကြောင့် ဒီ T & C ကုမ္ပဏီက လျော်ကြေးပေးခြင်းထက် အသိမ်းခံရတဲ့မြေဧကအတိုင်း ဒေသခံတွေကို အမြန်ဆုံးပြန်လည်ပေးအပ်ရန် ဆောင်ရွက်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နောက်ဆုံးမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်၊ နမ္မတူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ နမ္မတူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး၏ T&C ကုမ္ပဏီမှ သိမ်းယူထားသော နားဆိုင်းကျေးရွာအုပ်စုရှိ လယ်ယာမြေများကို ၂၀၁၆ ခုနှစ်၊ ဖေဖော် ဝါရီလ မကုန်မီနောက်ဆုံးထား၍ ပေးလျော်မည်ဖြစ်ကြောင်း၊ ညှိနှိုင်းရရှိခဲ့ပါသော်လည်း ယခုတိုင် ဆောင်ရွက်ပေးခြင်းမရှိသည့်ကိစ္စရပ်အား သက်ဆိုင်ရာမှ မည်သို့စီစဉ်ဆောင်ရွက်ထားရှိသည်နှင့် လျော်ကြေးပေးခြင်းထက် အသိမ်းခံရသော မြေဧရိယာအတိုင်း ဒေသခံများထံ အမြန်ဆုံးပြန်လည် ပေးအပ်နိုင်ရန် ဆောင်ရွက်နိုင်ခြင်းရှိ/မရှိနှင့်ပတ်သက်လို့ ဖြေကြားရမယ်ဆိုလို့ရှိရင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ်၊ နားဆိုင်းကျေးရွာအုပ်စု၊ ကွင်းပြင်ပမြေနေရာများတွင် ယခင်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ၉-၄-၂၀၀၉ ရက်စွဲပါစာအမှတ်၊

၂၂၇၆/၁၀ မယ(ဖ)(၁၁)၂၀၀၉ ဖြင့် မြေဧရိယာ ၇၉၇ ဧကကိုလည်းကောင်း၊ ၆-၄-၂၀၁၀ ရက်စွဲပါ စာအမှတ်၊ ၂၈၃၂/၁၀ မယ(ဖ)(၁၁)၂၀၁၀ ဖြင့် မြေဧရိယာ ၃၅၀ ဧကကိုလည်းကောင်း၊ ၂၈-၄-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၁၄၄(က)/၁၀ မယ(ဖ)(၁၁)၂၀၁၁ ဖြင့် မြေဧရိယာ ၆၅၀ ဧကကိုလည်းကောင်း မြေဧရိယာသုံးနေရာတွင် စုစုပေါင်းဧရိယာ ၁၇၉၇ ဧကကို T & C ကုမ္ပဏီမှ နှစ်ရှည်ပင်များ စိုက်ပျိုး လုပ်ကိုင်ရန်အတွက် လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ရရှိခဲ့ကြောင်းနှင့် ကုမ္ပဏီအနေဖြင့် လျှောက်ထားစဉ်က ဦးစံပြည့်ပါ တောင်သူလေးဦးသို့ မြေစာရင်းပုံစံ(၁၀၅)ထုတ်ပေးထားသည့် ယာမြေ ၃၃.၅ ဧကအား ချန်လှပ်၍ လျှောက်ထားခဲ့ကြောင်း သိရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်း၌ မြေစာရင်းပုံစံ(၁၀၅)ရရှိပြီးသော မြေကွက်များအပါ အဝင် ဒေသခံများ စိုက်ပျိုးလျက်ရှိသော မြေကွက်များကို ၂၀၀၇ ခုနှစ်တွင်သိမ်းယူခဲ့ကြောင်း ဖော်ပြ ထားပါသည်။ မြေစာရင်းပုံစံ(၁၀၅)ဆိုသည်မှာ မြေတည်ရှိမှုအခြေအနေ၊ မြေအမျိုးအစား၊ မြေပိုင်ဆိုင်မှုအခြေအနေစသည်တို့ကို တည်ဆဲနှစ်အတွက်အသုံးပြုလျက်ရှိသော ကွင်းထွက်မြေပုံမှ ရေးကူးပေးသည့် စာရင်းမြေပုံကောက်နုတ်ချက်မှတ်တမ်းမိတ္တူတစ်ခုသာဖြစ်၍ ပိုင်ဆိုင်မှုအထောက် အထားတစ်ခုမဟုတ်ပါ။ ပိုင်ဆိုင်မှုရရှိရန်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအနက်က အဆင့်တစ်ခု သာဖြစ်ပါတယ်။ မြေစာရင်းပုံစံ(၁၀၆)ဆိုသည်မှာလည်း ဦးပိုင်တစ်ခု၏ရာဇဝင်အား ဌာနမှအသုံးပြု ထိန်းသိမ်းထားသည့် မှတ်ပုံစာရင်းများမှ ရေးကူးပေးသည့်ပုံစံမျှသာဖြစ်ကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။

T & C ကုမ္ပဏီလီမိတက်အနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ၇၉၇ ဧကမြေနေရာတွင် ၆၇၆ ဧက စိုက်ပျိုးပြီးဖြစ်၍ ၁၂၁ ဧက ဖော်ထုတ်စိုက်ပျိုးရန် ကျန်ရှိပါတယ်။ ကျန် ၃၅၀ ဧကနှင့် ၆၅၀ ဧက ခွင့်ပြုမိန့်ရရှိထားသည့် မြေနေရာများတွင် ဧရိယာအားလုံးကို စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရှိရပါ တယ်။ ၂၀၀၈ ခုနှစ်တွင် တောင်သူများနှင့် T & C ကုမ္ပဏီလီမိတက်တို့ အကျိုးတူလုပ်ကိုင်ရန် နှစ်ဖက်ညှိနှိုင်းသဘောတူခဲ့ပြီးတော့ ယင်းသဘောတူညီချက်အရ ၂၀၀၉ ခုနှစ်မှာ T & C Group ကုမ္ပဏီလီမိတက်မှ မြေလွတ်၊ မြေရိုင်းလုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားရယူခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားစဉ်က တောင်သူများအနေဖြင့် ကန့်ကွက်ခဲ့ခြင်းမရှိကြောင်း၊ တောင်သူများနှင့် T & C ကုမ္ပဏီလီမိတက်တို့ နှစ်စဉ်အကျိုးတူလုပ်ကိုင်ရန် နှစ်ဖက်ညှိနှိုင်းသဘောတူ စာချုပ်အရ အကျိုးတူလုပ်ကိုင်သော တောင်သူများအား စိုက်ပျိုးရေးနှင့်ဆက်စပ်သည့် ပစ္စည်း ကိရိယာများနှင့် စိုက်ပျိုးပြီးအပင်များ ပြုစုထိန်းသိမ်းရန် ငွေကြေးများပေးအပ်ခဲ့သော်လည်း ၂၀၁၃

ခုနှစ်မှစ၍ T & C ကုမ္ပဏီလီမိတက်မှ ပစ္စည်းကိရိယာများနှင့် ငွေကြေးများပံ့ပိုးမှုမရှိသည့်အတွက် တောင်သူများနှင့် T & C ကုမ္ပဏီတို့အကြား မြေယာပြန်လည်တောင်းဆိုမှုပြဿနာများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

၂၀၁၃ ခုနှစ်တွင် T & C Group ကုမ္ပဏီလီမိတက်မှ စိုက်ပျိုးထားရှိသည့် ရော်ဘာခြံအတွင်းသို့ ဒေသခံတောင်သူများ၏ ကျွဲ၊ နွားများဖြင့်ဝင်ရောက်ပြီးတော့ ဒဏ်ငွေတပ်ခြင်း၊ ကျွဲ၊ နွားများသိမ်းယူခြင်းတို့ကြောင့် တောင်သူများနှင့် ပဋိပက္ခစတင်ဖြစ်ပွားခဲ့ပြီးတော့ ပေးဆောင်ခဲ့ရသည့်ဒဏ်ငွေများပြန်လည်ရယူလိုခြင်းနှင့် စိုက်ပျိုးခြံမြေများ ပြန်လည်ရယူလိုကြောင်း၊ တောင်သူ ၅၈ ဦးတို့မှ တင်ပြတောင်းဆိုခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

၃၀-၅-၂၀၁၃ ရက်နေ့မှာ နားဆိုင်းကျေးရွာ၊ မူလတန်းကျောင်းမှာကျင်းပတဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ယခင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနနှင့် နားဆိုင်းကျေးရွာတောင်သူများတွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲမှာ မြို့နယ်အုပ်ချုပ်ရေးမှူး အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်တဲ့ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကို အခြေအနေမှန် ကွင်းဆင်းစစ်ဆေးတင်ပြရန် တာဝန်ပေးအပ်ခဲ့ကြောင်း၊ အဆိုပါမြို့နယ်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ စိစစ်တင်ပြခဲ့မှုအပေါ်မှာ ကျောက်မဲခရိုင်၊ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က ၈-၈-၂၀၁၄ ရက်နေ့မှာ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဒေသပေါက်ဈေးတစ်ဧကလျှင် နှစ်သိန်းကျပ်သတ်မှတ်ပြီးတော့ T&C Group ကုမ္ပဏီလီမိတက်မှ နစ်နာသူတောင်သူများအားလျော်ကြေးပေးနိုင်ရန် မြို့နယ်စီမံခန့်ခွဲမှုကော်မတီသို့ ညွှန်ကြားခဲ့ကြောင်း သိရှိရပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၁၄-၁-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၅၈၉/၆-၆၃၃/အစရ(ရှမ်း)အရ ၁၇-၁-၂၀၁၆ ရက်နေ့မှာ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီမှ နားဆိုင်းကျေးရွာသို့ ကွင်းဆင်းပြီးတော့ တောင်သူ ၅၁ ဦးနှင့်တွေ့ဆုံခဲ့ရာမှာ တောင်သူ ၁၅ ဦးမှာ လျော်ကြေးငွေရယူလိုကြောင်းနှင့် ကျန် ၃၆ ဦးမှာ မိမိတို့ လယ်ယာမြေများကို ပြန်လည်ရယူလိုကြောင်း ပြောကြားခဲ့ပြီးတော့ ကျန် ၂၉ ဦးမှာ အစည်းအဝေးသို့တက်ရောက်နိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

T&C Group ကုမ္ပဏီအနေဖြင့် မြေဧရိယာ ၁၆၃ ဧကအတွက် လျော်ကြေးငွေများကို တောင်သူများအား ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း တစ်ဧကလျှင် နှစ်သိန်းကျပ်နှုန်းဖြင့် လျော်ကြေးပေးမည်ဟု ကတိပြုထားသော်လည်း ယနေ့အထိ ပေးလျော်မှုမရှိသေးကြောင်းနှင့် အဆိုပါကိစ္စနှင့်ပတ်သက်ပြီးတော့ ၉-၈-၂၀၁၆ ရက်နေ့မှာ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်း

ခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ T&C ကုမ္ပဏီလီမိတက်နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာမှာ မြေဧရိယာ ၁၆၃ ဧကအပေါ်မှာ နစ်နာလျော်ကြေးငွေများကို သုံးကြိမ်ခွဲပြီးတော့ ပေးအပ်သွားမည် ဖြစ်ကြောင်း ပထမအကြိမ်အနေဖြင့် ၁၀-၉-၂၀၁၆ ရက်နေ့တွင် ပေးအပ်သွားမည်ဖြစ်ပြီးတော့ ဒုတိယ အကြိမ်နှင့် တတိယအကြိမ်တို့အား ဆက်လက်ပေးအပ်သွားပါမည်ဟု T&C ကုမ္ပဏီလီမိတက်မှ ကတိပြုခဲ့ကြောင်း၊ ကုမ္ပဏီအနေဖြင့် ရယူထားသောမြေဧရိယာများပေါ်မှာ နှစ်ရှည်ပင်များ၊ ရင်းနှီး မြှုပ်နှံစိုက်ပျိုးထားပြီးဖြစ်သဖြင့် ပြန်လည်စွန့်လွှတ်နိုင်ခြင်းမရှိကြောင်း တင်ပြခဲ့သည်ကို ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ဖြေကြားချက်အရ သိရှိခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ နမ္မတူမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး၏ T&C ကုမ္ပဏီမှ သိမ်းယူထားသော နားဆိုင်းကျေးရွာအုပ်စုရှိ လယ်ယာမြေများကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမကုန်မီ နောက်ဆုံးထား၍ ပေးလျော်မည်ဖြစ်ကြောင်း၊ ညှိနှိုင်းရရှိခဲ့ပါသော်လည်း ယခုထိတိုင် ဆောင်ရွက်ပေးခြင်းမရှိသည့်ကိစ္စရပ်အား သက်ဆိုင်ရာမှ မည်သို့မည်ပုံစီစဉ်ဆောင်ရွက် ထားသည်နှင့် လျော်ကြေးပေးခြင်းထက် အသိမ်းခံရသော မြေဧကအတိုင်းဒေသခံများထံ အမြန်ဆုံး ပြန်လည်ပေးအပ်နိုင်ခြင်းရှိ/မရှိကို သိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ ဒေသခံ တောင်သူများနှင့် T&C ကုမ္ပဏီတို့အကြား နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆို၍ အကောင်အထည် ဖော်ခဲ့မှုအပေါ်မှာ ကုမ္ပဏီဘက်မှ ကတိကဝတ်ဖောက်ဖျက်မှုများဖြစ်ပွားပါက ယခုဖြစ်စဉ်အရ နစ်နာမှုရှိခဲ့သူများက သက်ဆိုင်ရာတရားရုံး၌ တရားစွဲဆောင်ရွက်သွားရန် ဖြစ်ပါကြောင်းနှင့် ခွင့်ပြု ဧရိယာအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည့် ဧရိယာ ၁၂၁ ဧကနှင့်ပတ်သက်ပြီးတော့ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အသစ်ပြင်ဆင် ဖွဲ့စည်းမည့် ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ကြီးကြပ်ကွပ်ကဲမှု ဖြင့် ကွင်းဆင်းစစ်ဆေးစေ၍ ခွင့်ပြုဧရိယာအတွင်းမှ ပယ်ဖျက်နိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဗဟိုကော်မတီသို့ စိစစ်တင်ပြဆောင်ရွက်သွားစေမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)**။ ။ ရှင်းလင်းစွာသိရှိဖို့အတွက် တစ်ဆက်တစ်စပ် တည်းမေးခွန်းမေးခွင့်ပြုပါရှင်။ ခုနက ဒုတိယဝန်ကြီးပြောသွားပါတယ်။ ဒီမြေကိုယူတဲ့အခါတုန်းက

ကန့်ကွက်ခြင်း မရှိဘူးဆိုတာ မဟုတ်ပါဘူး။ အဲဒီမြေကို သိမ်းတဲ့အချိန်တုန်းက ကန့်ကွက်ခဲ့တဲ့အကြောင်း၊ အဲဒီကုမ္ပဏီဟာ ကန့်ကွက်တဲ့ ဒေါ်မြအိမ်ကိုရထားသံလမ်းတစ်လျှောက်မှာ ကြိုးကွင်းစွပ်ပြီးဆွဲတဲ့အတွက်ကြောင့် တရားရုံးရောက်ခဲ့တာရှိပါတယ်။ ဒါပေမဲ့ အဲဒီခေတ်မှာရှုံးခဲ့ပါတယ်။ ကျွန်မကို Power Point လေးသုံးခွင့်ပြုပါရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ ဒီမေးခွန်းကိုတင်ထားတာ နှစ်လကျော်ပါပြီ။ ကျွန်မတင်တုန်းက ဒီကိစ္စနှင့်ပတ်သက်ပြီး လုံးဝလှုပ်ရှားမှုမရှိသေးပါဘူး။ Power Point မှာပြထားတဲ့အတိုင်း အဲဒီ ဦးလူလေး အဲဒီလေးယောက်နာမည်မှာဆိုလို့ရှိရင် သူတို့ကိုယ်တိုင်က ဦးစိုင်လားဆိုတဲ့တစ်ယောက်က ကျွန်မဆီကို ဖုန်းဆက်ပြီးပြောပါတယ်။ ကျွန်တော်တို့က ငွေမရချင်ပါဘူး။ မြေပဲရချင်ပါတယ်။ ကျွန်တော့်နာမည်ကို ကျွန်တော် အဲဒီမှာသွားမသွင်းပါဘူးတဲ့။ ရုံးကလည်း ကျွန်တော့်ကိုခေါ်ပြီးတော့ ငွေပေးဖို့ဆွေးနွေးတာလည်း လုံးဝမရှိပါဘူးဆိုပြီး ကျွန်မဆီပြောလာပါတယ်။ အဲဒါနဲ့ ကျွန်မ အဲဒီကျေးရွာကိုဆင်းပြီးတော့ သွားတွေ့တဲ့အချိန်မှာ ဒီကျန်တဲ့တောင်သူ ၄၇ ဦးကတော့ မြေကိုရယူလိုပါကြောင်းပြောဆိုထားပါတယ်။

နောက်တစ်ခု ခုနဒုတိယဝန်ကြီးပြောသွားပါတယ်။ ကျွဲ၊ နွားသိမ်းတဲ့ကိစ္စဟုတ်ပါတယ်။ ဒီကုမ္ပဏီဟာဆိုလို့ရှိရင် ရွာနဲ့တစ်ဆက်တစ်စပ်တည်းနေရာမှာရှိတဲ့အပြင် ခြံစည်းရိုးတွေလည်း ကာထားခြင်းမရှိတဲ့ အတွက်ကြောင့် ကျွဲ၊ နွားတွေက အဲဒီအပင်တွေကို ဝင်တိုက်မိတဲ့အချိန်မှာ ကျွဲတွေကို တစ်ကောင်လုံး ထိုးပြီးတော့ အကြွေးဆပ်ရတာရှိပါတယ်။ တစ်ကောင်လုံး ကုမ္ပဏီက သိမ်းသွားတာရှိနေပါတယ်။ အခုထိ အဲဒီသက်သေတွေ ရှိနေပါတယ်။ ပြီးတော့ အဲဒါအပြင် မတရားဒဏ်ငွေရိုက်တဲ့အတွက်ကြောင့် ဒီဒေသခံတောင်သူလယ်သမားတွေနဲ့ ဒီကုမ္ပဏီဟာ ပဋိပက္ခအသွင်ဆောင်လာတဲ့အတွက်ကြောင့် အဲဒါကိုဖြေရှင်းပေးဖို့ ကျွန်မ ရှမ်းပြည်နယ်အစိုးရကို တင်သွင်းထားတဲ့စာ၊ အဲဒီစာမှာဆိုလို့ရှိရင် ရှမ်းပြည်နယ်အစိုးရကနေပြီးတော့ ၃၁-၁၀-၂၀၁၂ ရက်နေ့မှာတဲ့ နမ္မတူမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှာ T & C ကုမ္ပဏီက တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဒေသခံတောင်သူတွေကို ခေါ်ယူညှိနှိုင်းပေးပါကြောင်းဆိုပြီးတော့ ကျွန်မကို အကြောင်းကြားတဲ့စာ ဖြစ်ပါတယ်။

အဲဒါနဲ့ ကျွန်မက အဲဒီရွာကိုဆင်းသွားလိုက်တဲ့အချိန်မှာ အဲဒီအုပ်ချုပ်ရေးမှူးကို သွားတွေ့တာပါ။ ဒီနေရာမှာ T & C ရော်ဘာခြံကိစ္စနဲ့ပတ်သက်ပြီးတော့ ၃၁-၁၀-၂၀၁၂ ရက်နေ့မှာ နမ္မတူမြို့နယ်ရုံး၌ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဒေသခံတောင်သူလယ်သမားများအားခေါ်ယူအသိပေး ညှိနှိုင်းခြင်းမရှိသေးပါကြောင်း မှန်ကန်ပါတယ်ဆိုတာ ကျွန်မကိုဝန်ခံကတိပေးထားတဲ့စာ

ဖြစ်ပါတယ်။ တံဆိပ်တုံးလည်းမြင်နိုင်ပါတယ်။ ဒါဆိုရင် ဒုတိယဝန်ကြီးပြောသွားတဲ့စကားတွေနဲ့ ကျွန်မ အခုသက်သေပြနေတာတွေကို နှိုင်းယှဉ်ပြီးတော့ အားလုံးသိနိုင်မှာပါ။ နောက်ပြီးတော့ တောင်သူကို တွေ့ပြီးတော့ နှစ်သိန်းပေးမယ်ဆိုတာက ဘယ်ဝန်ကြီး၊ ဘယ်အစိုးရမှ သတ်မှတ်ပေးခြင်း မဟုတ်ပါဘူး။ မြို့နယ်အုပ်ချုပ်ရေးမှူးကနေပြီးတော့ နှစ်သိန်းပေးလျော်သင့်ပါတယ်ဆိုတဲ့ သင့်ပါတယ် ဆိုတဲ့စကားနဲ့ အဲဒီနှစ်သိန်းကဖြစ်သွားပါတယ်။ ဒါပေမဲ့ ကျွန်မ ဝန်ကြီးချုပ်ကနေပြီးတော့ ၂၈-၁-၂၀၁၆ ရက်နေ့မှာ ထုတ်ထားတဲ့စာအရ ဒီသတ်မှတ်နှုန်းထားနဲ့ ပေးလျော်မှုရှိ/မရှိစိစစ်ပြီးမှ ပေးလျော်ပါရန် မှတ်ချက်ပြုထားတာကို တွေ့ရမှာပါ။ တကယ်၍ တစ်ဧကဟာ နှစ်သိန်းတည်းသာ ပေးရမယ်ဆိုရင် အဲဒီတောင်သူတွေကပြောပါတယ်။ ဒီ T & C ကုမ္ပဏီက မစိုက်ပျိုးသေးတဲ့ ကျန်တဲ့ မြေတွေအားလုံးကို သူတို့ဝယ်ချင်ပါတယ်ဆိုပြီးပြောနေပါတယ်။ ၂၀၁၂ ခုနှစ်မှာ ဒီဝန်ကြီးချုပ် လမ်းညွှန်မှုကြောင့် စိုက်ပျိုးရေး ဝန်ကြီးကွင်းဆင်းတဲ့အချိန်မှာ T & C ဟာ မစိုက်ပျိုးရသေးတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေအများကြီးရှိနေပါတယ်။ အဲဒီအချိန်တုန်းက သူတို့ကတော့ အဲဒီမြေတွေကိုပေးဖို့ ကမ်းလှမ်းပေမယ့် တောင်သူတွေကလက်မခံပါဘူး။ ရွာနဲ့နီးတဲ့နေရာမှာပဲ ယူမယ်ဆိုပြီးတော့ အဲဒီလို ဖြေဆိုထားပါတယ်။ ဒီလိုနှစ်ကြာရှည်အောင် ပြဿနာတွေကို မဖြေရှင်းဘဲထားတဲ့အတွက်ကြောင့် ကုမ္ပဏီကို ထပ်ပြီးတော့ ဒီမြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကိုရှင်းပြီးတော့ ကုမ္ပဏီကိုစိုက်ပျိုးဖို့ အချိန်ပေးတာနဲ့အတူတူဖြစ်နေပါတယ်။ ပြီးတော့ အခု ငွေယူချင်တယ်ဆိုတဲ့လူ ၁၈ ယောက်နေရာမှာ ကိုးဦးကိုပဲ ငွေလျော်ပေးသွားတာကိုလည်း တွေ့နေရပါတယ်။ ပြီးတော့ ၂၀၁၄ ခုနှစ်မှာဆိုလို့ရှိရင် ဒီ T & C မသိမ်းခင်ကတည်းက ယာလုပ်နေတဲ့သူတွေက အဲဒီမှာနေနေပါတယ်။ အဲဒါကို ၂၀၁၄ ခုနှစ်မှာ T & C ကုမ္ပဏီက အဲဒီလူတွေကို တရားစွဲဆိုပါတယ်။ တရားရုံးမှာ ကျွန်မနဲ့ အဲဒီ တောင်သူ ၇၀ ကျော်ရဲ့ကြိုးစားအားထုတ်မှုကြောင့် ၂၀၁၄ ခုနှစ်မှာ ကျွန်မတို့ အဲဒီတရားရုံးမှာ အနိုင်ရခဲ့ပါတယ်။ အဲဒီလို သက်သေထင်ရှားစွာရှိနေတာကို ကျွန်မတို့က ပြည်သူရွေးချယ်ထားတဲ့ ပြည်သူ့အစိုးရအနေနဲ့ အမှန်တရားဘက်မှာရှိနေပြီးတော့ အမှန်စကားပြောခွင့်မရတဲ့ နင်းပြားပြည်သူ တွေရဲ့ဘဝကို ကျွန်မတို့ပြန်ငဲ့ကြည့်ဖို့လိုအပ်နေပါပြီ။

ကျွန်မတို့လွှတ်တော်ကိုယ်စားလှယ်တွေဆိုတာက ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၄၁ ပုဒ်မခွဲ(ဂ)မှာဆိုလို့ရှိရင် မိမိရဲ့ဖော်ပြချက်မှန်ကန်ကြောင်း၊ မေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်ကိုတာဝန်ခံရမယ်ဆိုတဲ့အတိုင်း ကျွန်မပြောတဲ့စကားတွေဟာ အမှန်တွေပါ။ အဲဒီလိုပဲ ကျွန်မကိုဖြေကြားပေးတဲ့သူတွေကလည်း အမှန်ပဲဖြစ်စေချင်ပါတယ်။ အဲဒါကြောင့်

**မူကြမ်း**

ဒီမေးခွန်းကိုဖြေကြားခဲ့တဲ့သူတွေအနေနဲ့ ရေးထားခဲ့တဲ့ ရှမ်းပြည်နယ်အစိုးရအနေနဲ့လည်း သူတို့ မေးခွန်းကို သူတို့တာဝန်ခံဖို့လိုတယ်ဆိုတာ ----။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ နမ္မတူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးရဲ့ ပြန်လည်ပြီးတော့ ဖြည့်စွက်မေးမြန်းတဲ့မေးခွန်းသည် အလွန်ပင် ကိုယ်ကျိုးအတွက် မဟုတ်ဘဲနဲ့ အမှန်တရားအတွက်ရှေးရှုပြီးတော့ ထပ်ပြီးတော့ ဖြေကြားတဲ့အပေါ်မှာ မကျေမလည်ဖြစ်တာကို ပြန်ပြီးတော့ မေးတဲ့မေးခွန်းဖြစ်တဲ့အတွက် ဒါနဲ့ပတ်သက်ပြီး လွှတ်တော်တွင်းမှာတော့ အချိန်ယူမရှင်းလင်းနိုင်ပါဘူး။ သို့သော် ဒီအမှန်တရားကို ရောက်ရှိဖို့၊ အခုနက အမှန်တရားအတွက် ပြောခွင့်မရတဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီးပြောတဲ့ နင်းပြားပြည်သူတွေရဲ့ဘဝတွေအတွက် ကျွန်တော်တို့အမှန်တရား ကို ရောက်ရှိစေဖို့ ကျွန်တော်တို့မှာလည်း လိုလားပါတယ်။ လိုလားတဲ့အတွက် လွှတ်တော် ကိုယ်စားလှယ် ကြီးအပါအဝင်၊ T&C ကုမ္ပဏီအပါအဝင်၊ ရှမ်းပြည်နယ်အစိုးရအပါအဝင်၊ နမ္မတူမြို့နယ်အုပ်ချုပ်ရေး၊ မြေစာရင်းဌာန၊ တောင်သူတွေနဲ့ T&C ကုမ္ပဏီနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စပြီးတော့ အားလုံးတာဝန်ရှိသူများသည် ဒီအရေးအခင်းကို အမှန်အကန်ရောက်အောင် ကျွန်တော်တို့ ပူးပေါင်းပြီးတော့ ညှိနှိုင်းဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်ဆိုတာကို ကျွန်တော်ပြောကြားရင်းနဲ့ ဒီလောက်ပဲ တင်ပြလိုပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုနက ဦးကျော်မြင့်ရဲ့ ဒုတိယမေးခွန်းကို ကျွန်တော့်အနေနဲ့ဖြေကြားခွင့်မပြုတာနဲ့ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်များ လိမ့်ပတ်လည်အောင် ကျွန်တော်ထပ်ပြီးရှင်းပြပေးပါ့မယ်။ တရားဝင်ပေးပို့ထားတဲ့မေးခွန်းက ရေကြီးနစ်မြုပ်တဲ့ဒေသထဲမှာရှိတဲ့ပြည်သူတွေရဲ့ လူနေမှုဘဝပြန်လည်ထူထောင်ရေးအတွက် သက်တမ်းတိုမျိုးစပါးများ အမြန်ဆုံးဖြန့်ဝေပေးရန်မေးခွန်း၊ ဒါတရားဝင်ပေးထားတဲ့မေးခွန်း။ သို့သော် လွှတ်တော်ထဲမှာ မေးခွန်းရှင်က ဆွေးနွေးတဲ့အခါကျတော့ ဒီမေးခွန်းမပေါ်ခင်၊ ဒီနေ့လွှတ်တော်မပေါ်ခင်မှာကိုက ဒီသက်တမ်းတိုမျိုးစပါးဖြန့်ဝေပြီးကြောင်း၊ မေးခွန်းရှင်ကိုယ်တိုင်လည်း သိပြီးဖြစ်ကြောင်း ပြောပါတယ်။ ပြီးတော့ တစ်ဆက်တစ်စပ်တည်းမေးခွန်းဆိုပြီးတော့ ရေကြီးနစ်မြုပ်တဲ့တာတမံတွေ တိုးမြှင့်ပေးဖို့၊ တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိဆိုပြီးတော့ မေးခွန်းသစ်မေးပါတယ်။ အဲဒီမှာ နှစ်ချက်ရှိပါတယ်။

တစ်ဆက်တစ်စပ်တည်းဆိုတာ ဘယ်လိုလဲ၊ တစ်ဆက်တစ်စပ်တည်းဆိုတာ ကိုယ်မေးတဲ့မေးခွန်း အပေါ်မှာ ဝန်ကြီးဌာနကပြန်ရှင်းမယ်။ ရှင်းတဲ့အပေါ်မှာ ကွဲလွဲချက်ရှိမယ်။ အဲဒီကွဲလွဲချက်ကို ဝန်ကြီး ဌာနက ရှင်းပြီးမှ တစ်ဆက်တစ်စပ်တည်း ဖြစ်ရမယ်။ ဒါ နည်းဥပဒေမှာ ဒီအတိုင်းပဲ။ ဝန်ကြီးဌာနက ဘာမှမရှင်းရသေးဘူး။ တစ်ဆက်တစ်စပ်တည်းကို ကိုယ်ဘာသာကိုယ် ဆွဲဆက်ပြီးတော့ မေးခွန်းသစ် မေးလာတဲ့အခါကျတော့ ဒီမေးခွန်းသစ်ကို လွှတ်တော်က ခွင့်ပြုခွင့်မရှိသလို ဝန်ကြီးဌာနအနေနဲ့က လည်း အဲဒီမေးခွန်းအသစ်ကို ဖြေဖို့အဆင်သင့်မဖြစ်ဘူး။ အခုမှထပြီး ဒီမေးခွန်းသစ်ကို မေးတာကိုး။ ဖြေဖို့ယူလာတာက သက်တမ်းတိုမျိုးစပါးများ အမြန်ဆုံးဖြန့်ဝေပေးနိုင်ခြင်းရှိ/မရှိ ဖြေဖို့၊ ဒီကျတော့ တာတမံတွေကျိုးလို့ တာတမံတွေမြှင့်တင်ပေးဖို့ရှိ/မရှိဆိုတော့ အဲဒါကြောင့်မို့လို့ ဒီလိုမေးခွန်းသစ်ဆို ရင် နည်းဥပဒေအရ ကျွန်တော့်အနေနဲ့ ခွင့်ပြုမှာမဟုတ်ပါဘူး။ ဒါကို ကိုယ်စားလှယ်ကြီးများအားလုံး ကို ကျွန်တော် အသိပေးခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း ခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပေးတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်း တင်သွင်းဖို့ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ဝင်း(ဥက္ကဋ္ဌ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည် တော်များအားလုံးကို ကိုယ်ရဲ့ကျန်းမာခြင်း၊ စိတ်ရဲ့ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဦးစာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် တရားစီရင်ရေး နှင့် ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ညွှန်ကြားချက်

အရ ကျွန်တော့်အနေနဲ့ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီကိုယ်စား ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ တင်သွင်းသွားမှာဖြစ်ပါတယ်။ ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်းမှာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ၁၈-၂-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်အမှတ် ၁၀ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ကျွန်တော်တို့ရဲ့ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက အောက်ဖော်ပြပါရည်ရွယ်ချက်များနှင့် ကျိုးကြောင်းဖော်ပြချက်တို့ဖြင့် ဒီဥပဒေကို ပြင်ဆင်ရေးဆွဲကြခြင်းဖြစ်ပါတယ်။

(၁) ဥပဒေရေးထုံးအရ အားနည်းသောအချက်များကို ဖြည့်စွက်ပြင်ဆင်ခြင်း၊ (၂)ဝန်ကြီးဌာန ၏ အမည်ပြောင်းလဲမှုကို ပြင်ဆင်ရန်လိုအပ်ခြင်း၊ (၃) ဥပဒေအထောက်အကူပေးရေးလုပ်ငန်းများ လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်စေရန် ဖြေလျှော့ပြင်ဆင်ပေးခြင်း စသည်တို့ဖြစ်ပါတယ်။ ဒါ့အပြင် ဒီဥပဒေအရ ဖွဲ့စည်းတဲ့ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များဟာ မြန်မာနိုင်ငံမှာ မပေါ်ပေါက်သေးဘဲ လက်တွေ့ကျင့်သုံးမှုမရှိသေးတာကြောင့် အတွေ့အကြုံ အားနည်းမှာဖြစ်တဲ့ အတွက် အများပြည်သူတို့အား ဥပဒေရေးရာအထောက်အကူပေးရာတွင် စိတ်ပါဝင်စားသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများ၊ သက်ဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များ တွင် ပါဝင်တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအနေနဲ့ လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်နိုင်ရန်၊ အများပြည်သူများကို ဥပဒေအရ အကာအကွယ်ပေးနိုင်ရန် ပြင်ဆင်ပြဋ္ဌာန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါသောကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မပေါ်ပေါက်သေးဘဲ ဥပဒေရေးရာအဖွဲ့အစည်းနဲ့ ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့များကို အမြန်ဆုံးဖွဲ့စည်းနိုင်ရန်နှင့် အများပြည်သူ အထူးလိုအပ်လျက်ရှိတဲ့ ဥပဒေဆိုင်ရာကိစ္စရပ်များကို အထောက်အကူပေးနိုင်ဖို့ရန်အလို့ငှာ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို လွှတ်တော်မှလက်ခံဆွေးနွေးပေးပါရန် လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ(ခ) အရ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးပါထန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးပါထန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၆-၂၅၆

ရက်စွဲ ၊၂ ၀ ၁ ၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာ တွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၇-၉-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၄၂၉)/ ပထစ- ၂၀၁၆

၁။ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက တင်သွင်းသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ၁၈-၁-၂၀၁၆ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းသည့် ဥပဒေဖြစ်ပြီး ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက အောက်ဖော်ပြပါ ရည်ရွယ်ချက်များနှင့် အကျိုးအကြောင်း ဖော်ပြချက်များကို အခြေခံ၍ ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ဥပဒေရေးထုံးအရ အားနည်းသောအချက်များကို ပြင်ဆင်ဖြည့်စွက်ခြင်း၊

( ခ) ဝန်ကြီးဌာန၏အမည်ပြောင်းလဲမှုကို ပြင်ဆင်ရန်လိုအပ်ခြင်း၊

**မူကြမ်း**

(ဂ) ဥပဒေအထောက်အကူပေးရေးလုပ်ငန်းများ လက်တွေ့ကျကျ အကောင်အထည် ဖော်နိုင်စေရန် ဖြေလျှော့ပြင်ဆင်ခြင်း၊

(ဃ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေအရ ဖွဲ့စည်းမည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းနိုင်ခြင်း မရှိသေးသည့်အတွက် လက်တွေ့ကျင့်သုံးမှု အတွေ့အကြုံအားနည်း ခြင်း၊

(င) အများပြည်သူတို့ကို ဥပဒေရေးရာ အထောက်အကူပေးရာတွင် စိတ်ပါဝင်စားသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များတွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများကို လုပ်ငန်းများ လက်တွေ့ဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ပြဋ္ဌာန်းခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၄-၁၀-၂၀၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော် တရားစီရင်ရေး နှင့် ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ ရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံ ရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် အပိုဒ် ပေါင်း ၂၂ ပိုဒ် ပါရှိပါသည်။

(ခ) အပိုဒ် ၂ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ (ဈ)၊ ပုဒ်မ ၃ ပုဒ်ခွဲ(ခ) ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(င)၊ ပုဒ်မ ၄ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၆ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မ ၂၉ နှင့်

ပုဒ်မ ၃၂ တို့တွင်ပါရှိသော ပြစ်မှုဆိုသည့်စကားရပ်ကို ရာဇဝတ်မှုဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဂ) အပိုဒ် ၆ ကို မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(ဃ) အပိုဒ် ၈ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၈။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ(င)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(င) အများပြည်သူတို့အား ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိ ပညာပေးမှုများကို စီမံချက်များရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက် ခြင်း၊

(င) အပိုဒ် ၈ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၉။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ဈ) တရားလွှတ်တော် ရှေ့နေများကောင်စီမှ အမည် စာရင်း အဖွဲ့ဝင် တင်သွင်းသော တရားလွှတ်တော်ရှေ့နေ အဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့ သည့် ရှေ့နေ လေးဦး။

(ည) အပိုဒ်ခွဲ(ဈ)ပါ အဖွဲ့ဝင်လေးဦးအနက် တစ်ဦးကို အတွင်းရေးမှူး အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။

(စ) အပိုဒ် ၁၀ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၀။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ဝင် အဖွဲ့က သဘောတူညီသော တရားလွှတ်တော် ရှေ့နေအဖြစ် အနည်းဆုံး ၁၀ နှစ် အမှုလိုက်ပါ

**မူကြမ်း**

ဆောင်ရွက်ခဲ့သည့် ရှေ့နေ လေးဦး။

(ဇ) အပိုဒ်ခွဲ(ဆ)ပါအဖွဲ့ဝင်လေးဦးအနက် တစ်ဦးကို အတွင်းရေးမှူး အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။

(ဆ) အပိုဒ် ၁၁ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၂ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ပုဒ်မခွဲ(က)၊ (ခ)နှင့်(ဂ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

( ဇ) ပြင်ဆင်သည့် ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(ဃ)ကို မူလပြဋ္ဌာန်းချက်အတိုင်းထားရှိပါသည်။

(ဈ) အပိုဒ် ၁၃ ခေါင်းစဉ်ကို အပိုဒ် ၁၄ ခေါင်းစဉ်အဖြစ် ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဂ)နှင့်(င)တို့ကို အောက်ပါအတိုင်း အစားထိုးရမည် ဟုပြင်ဆင်ပါသည်။

(ည) ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(ဃ)ကို မူလပြဋ္ဌာန်းချက်အတိုင်းထားရှိပါသည်။

( ဋ) အပိုဒ် ၁၅ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေပုဒ်မ ၁၂ ခေါင်းစဉ်ကို အောက်ပါ အတိုင်း အစားထိုးရမည် -

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို အောက်ပါ အတိုင်း ဖွဲ့စည်းရမည် -

( ဌ) အပိုဒ် ၁၉ ရှိ ပုဒ်မ ၁၃ ပုဒ်မခွဲ(ဃ)ကို မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိ ပါသည်။

( ဍ) အပိုဒ် ၂၀ ရှိ ပုဒ်မ ၁၆ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၁)နှင့် (၂)တို့ကို မူလ ပြဋ္ဌာန်းချက် အတိုင်း ထားရှိပြီး အသစ်ဖြည့်စွက်ချက် ပုဒ်မခွဲငယ်(၃)ကို ပယ်ဖျက်ပါသည်။

( ဎ) အပိုဒ် ၂၁ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၂၁။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေပုဒ်မ ၄၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**မူကြမ်း**

၄၀။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်အတွက် လိုအပ်သည့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို ဝန်ထမ်းဖွဲ့စည်းပုံရေးဆွဲ၍ ပြည်ထောင်စုတရားသူကြီးချုပ်မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

(ဏ) အပိုဒ် ၂၂ ကို မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

၄။ သို့ဖြစ်ပါ၍ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။

**တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီက တင်သွင်းသည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၇-၁၀-၂၀၁၆ ရက်(သောကြာနေ့) ညနေ ၄း၀၀ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်းကြေညာပါတယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၅) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၄၆)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်

(ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊၁၃း၅၇။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို ၁၃း ၅၇ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**